

# အလယ်ရှုပ်

# အပါယ်လွတ်တရားတော်

ဟောကြားသည့်နေ့

(၂၄-၈-၆၁)

၅၀

ကျေးဇူးတော်ရှင် မဟာထေရ်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော သစ္စာ(၄)ပါးတရားတော် အမှတ်စဉ်(၄၃)မှ

ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော

# အလယ်ရှုပ်

# အပါယ်လွတ်တရားတော်

(၂၄-၁၀-၆၁)

---

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားတော်မူသော
သစ္စာ(၄)ပါးတရားတော်များမှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

မိုးကုတ်ဆရာတော်ဘုရားကြီး၏
ဝိပဿနာတရားစဉ် နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့၏
မူပိုင်ဖြစ်သည်။

မည်သူမျှ ကူးယူ ထုတ်ဝေခြင်း မပြုရ။

*

ထုတ်ဝေသူ
ဦးအောင်ချို (မြဲ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်
ပြန့်ပွားရေးအဖွဲ့ချုပ်၊ အမှတ် (၈၂)၊
နတ်မောက်လမ်း၊ ရန်ကုန်မြို့။

*

မျက်နှာဖုံး နှင့် အတွင်းပုံနှိပ်
ဦးညာဏ်အောင်စိုး (မြဲ-၀၅၃၆၉)
ကျားမင်းအော့ဖ်ဆက်
အမှတ်(၉၂)၊ ကမ္ဘောဇလမ်း၊ ရွှေတောင်ကြား
၁-ရပ်ကွက်၊ ဗဟန်းမြို့နယ်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော

# အလယ်ရှုပ်

# အပါယ်လွတ်တရားတော်

(၂၄-၈-၆၁)

ပထမနိဗ္ဗာန်ကိုရချင်ကြပါမူကား‌တဲ့၊ ဒိဋ္ဌိကွာဖို့ပဲ အရေးကြီးတယ်ဆိုတာ ဘယ်အခါမဆို မှတ်ထားပါ...။ (မှန်ပါ့ဘုရား)။

ပထမနိဗ္ဗာန်ရချင်ရင်...(ဒိဋ္ဌိကွာရမှာပါ)၊ ဒိဋ္ဌိကွာဖို့ပဲ၊ ဒါ့ကြောင့် ဒိဋ္ဌိနိရောဓောနိဗ္ဗာနံ...လို့ ဆိုတဲ့ ဥစ္စာ ဒိဋ္ဌိနိရောဓော=ဒိဋ္ဌိချုပ်ခြင်းသည်။ နိဗ္ဗာနံ=ပထမနိဗ္ဗာန်မည်သည်။ ဟောတိ=ဖြစ်၏လို့ ဆိုသောကြောင့်...

ရှေးဦးစွာ အပါယ်လေးပါးတံခါးပိတ်တဲ့ နိဗ္ဗာန်သည်ကားလို့ဆိုရင်ဖြင့် ဘာမှလုပ်ဖို့ ဒီလောက်

အရေးမကြီးပါဘူး၊ ဒိဋ္ဌိကွာဖို့ အရေးကြီးတယ်...။ (မှန်လှပါဘုရား)။

ကောင်းပြီ...။ ဒိဋ္ဌိကွာဖို့ဆိုတာ ဒကာ ဒကာမ တို့ ဘာမှ ခင်ဗျားတို့ စိတ်သောက ဗျာပါရရောက်ပြီး သကာလ မနေနဲ့၊ အပါယ်လေးပါး တံခါးပိတ်ချင် လို့ရှိရင်ဖြင့် ပဋိသန္ဓေနေတဲ့အခါကိုသိဖို့ အရေးကြီး တယ်...။ (မှန်လှပါဘုရား)။

သေတဲ့အခါ သိဖို့အရေးကြီးတယ်...။ (မှန်ပါ့)၊ ဒီကြားထဲ ဘာတွေဖြစ်နေတယ်ဆိုတာ သိဖို့အရေးကြီး တယ်...။ (မှန်ပါ့)၊ ဒီသုံးချက်သိရင် ဒိဋ္ဌိကွာပါတယ်...။ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒိဋ္ဌိကွာနည်းနိဿရည်းကို ယနေ့ တစ်မျိုး တစ်ဖုံပဲ ဒကာ ဒကာမတွေ ဘုရားသခင်ဟောတာ ပြောလိမ့်မယ်လို့ဆိုတာ မှတ်တာပေါ့...။ (မှန်ပါ့ ဘုရား)။

ဒကာ ဒကာမတွေ ကံကောင်းအကြောင်းသင့်ပြီး သကာလ လူ့ဘဝရလာကြတယ်ဆိုတဲ့ဥစ္စာ သိကြ ပါပြီ...။ (မှန်ပါ့)၊ လူ့ဘဝဆိုတာ အပြောလူ့ဘဝ ရတာက အမိဝမ်းခေါင်းထဲမှာ ဇာတိပဋိသန္ဓေနေ ရပါတယ်...။ (မှန်လှပါဘုရား)။

ရတာက ဘာပါလိမ့်...။ (ဇာတိပဋိသန္ဓေနေရ တာပါ)၊ ဇာတိဆိုတဲ့ ဇာတိရတာပါပဲ၊ ဇာတိခန္ဓာ ငါးပါးရတာပါပဲ...။ (မှန်လှပါဘုရား)။

ဒီအထဲမှာလဲ ယောကျ်ား မိန်းမ ပါသလား...။ (မပါ–ပါ)၊ ဟြော်...ရတုန်းကလဲ ယောကျ်ား မိန်းမ၊ သားသမီး ဆွေမျိုးဉာတကာမပါဘူး၊ ဇာတိခန္ဓာငါးပါးပဲ ပါတယ်လို့ဆိုတာ အစက ဒိဋ္ဌိကွာနေတယ်လို့ မှတ် လိုက်စမ်းပါ...။ (မှန်ပါ့ဘုရား)၊ အင်း...ဘယ်က ကွာ နေ...(အစက ကွာနေပါတယ်ဘုရား)။

အစက ဒိဋ္ဌိကွာနေတယ်လို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မှတ်ထားလိုက်ပေါ့...၊ ဟြော်...အစ ကတည်းက ယောကျ်ား မိန်းမ ငါ သူတစ်ပါး မပါ– ပါကလားလို့ မှတ်လိုက်ကြပါ...။ (မှန်လှပါဘုရား)။

ဇာတိဆိုတာ ခန္ဓာဘယ်နှပါးပါလိမ့်...။ (ခန္ဓာ ငါးပါးပါ)၊ ဟြော်...ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး ပေါင်း လိုက်ရင်နော်...။ (မှန်လှပါ)။

ကောင်းပြီ၊ ဒါဖြင့် အစကတည်းက ယောကျ်ား မိန်းမ၊ သားသမီးဆိုတာ မပါ–ပါဘူး...။ (မှန်ပါ့)၊ ကဲ...တစ်ခါ ဒီဇာတိရတဲ့ပုဂ္ဂိုလ်သည် မရဏဆိုတာကို

ရှေးရှုပြီးသွားနေတဲ့သဘောပဲဆိုတာ ဒကာ ဒကာမတွေ ပြင်းလို့ မလွတ်တော့ဘူး...။ (မှန်လှပါဘုရား)။

ဇာတိရတဲ့ပုဂ္ဂိုလ် မရဏသွားရတယ်...။ (မှန်ပါ့)၊ ဒါဖြင့် မရဏဆိုတာကလဲ ရုပ်နာမ်ခန္ဓတို့၏ ချုပ်ပျောက် ပျက်စီးတာကို မရဏခေါ်တာပဲ...။ (မှန်ပါ့ဘုရား)။

ရုပ်နာမ်ခန္ဓတို့၏ ချုပ်ပျောက်ပျက်စီးတာကို... (မရဏခေါ်ပါတယ်)၊ ဩော်...ဒါဖြင့် ဒီထဲမှာ ယောက်ျား တွေ၊ မိန်းမတွေ မပါ-ပါဘူး...။ (မှန်ပါ့)၊ ပါသေး လား...။ (မပါ-ပါဘုရား)၊ ဒီထဲမှာလဲ ယောက်ျားတွေ မိန်းမတွေဆိုတာ မပါဘူးလို့ ရှင်းရှင်းမှတ်ထားပါ...။ (မှန်လှပါဘုရား)။

ဒါဖြင့် အစကလဲ ယောက်ျား မိန်းမ မပါခဲ့ဘူး...။ (မှန်ပါ့)၊ အဆုံးကျပြန်တော့...။ (မပါ-ပါဘုရား)၊ ဒါဖြင့် အလယ်ရှုပ်နေတာပဲ...။ (မှန်ပါ့)၊ ပေါ်ပြီ...ပေါ်ပြီ ဒကာကြွယ်၊ ဘာရှုပ်နေတာလဲ...။ (အလယ်ရှုပ်နေတာ ပါဘုရား)။

ဩော်...အလယ်ဆိုတာ ကြံကြံဖန်ဖန် ခင်ဗျား တို့ အစကလဲရှင်းသား၊ အဆုံးလဲ ရှင်းသား၊ အလယ်

ကျမှ ခင်ဗျားတို့က ရှုပ်ပြီးသကာလနေတဲ့အတွက် သက္ကာယဒိဋ္ဌိ ပေါ်ပေါက်လာတယ်...။ (မှန်လှပါ ဘုရား)။

အင်း...ဒကာ ဒကာမတို့ အစကလဲ ဘယ့်နှယ်တုံး...။ (ရှင်းပါတယ်)၊ ရှင်းတာပဲ၊ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးပဲ ဇာတိဆိုတာ...။ (မှန်ပါ့)၊ မရဏဆိုတာ ရုပ်နာမ်ဓမ္မ ခန္ဓာငါးပါးတို့၏ ချုပ်ပျောက်ပျက်စီးတာ ကို မရဏခေါ်ပါတယ်...။ (မှန်ပါ့)၊ ဒီအထဲလဲ နင် ငါ သူတစ်ပါး ယောက်ျားမိန်းမ ပါသေးလား...။ (မပါ–ပါဘုရား)။

အို...ဒါဖြင့် အစကလဲ မပါ၊ အဆုံးမှာလဲ မပါ၊ အလယ်မှာ တို့ရှုပ်နေတာကိုး၊ အလယ်ကြောင့် တို့ ခက်နေတာကိုးဆိုတာ သိကြရဲ့လား...။ (မှန်ပါ့)၊ အင်း...အလယ်မှာ ခက်နေတာ ပေါ်ကြပလား...။ (မှန်ပါ့ဘုရား)။

စဉ်းစားပါ...စဉ်းစားပါ...ဒကာ ဒကာမတို့...၊ ဒါ...ဒီနေ့ သောတာပန်တည်အောင် အဂ္ဂိဝစ္ဆနဲ့ ဒကာ ဒကာမတွေ ပြပါလိမ့်မယ်၊ သေသေချာချာ ဂရုစိုက်ပြီး နားထောင်ကြပါနော်...။ (မှန်လှပါဘုရား)။

ကိုင်း…ဇာတိဆိုတဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရား ထဲလဲ ယောကျ်ား မိန်းမ ငါ သူတစ်ပါး ပါခဲ့လား…။ (မပါ–ပါ)၊ မပါဘူးနော်…။ (မှန်လှပါဘုရား)။

ဒီဇာတိရှိတဲ့ပုဂ္ဂိုလ် ဇာတိရှိတဲ့ သဘောဟာ မရဏာသို့ ရှေးရှုနေတဲ့အတွက် မရဏာဆိုတဲ့ သေမှု ကိစ္စ ကြုံပြန်တော့လဲ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ ချုပ်ပျောက်သွားတာကိုဆိုတာ…(မှန်ပါ့)၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေ ချုပ်ပျောက်သွားတာ ဘာခေါ်ကြ… (မရဏာခေါ်ပါတယ်ဘုရား)။

ဩော်…အစကလဲမပါ၊ ငါ သူတစ်ပါးယောကျ်ား မိန်းမ၊ အဆုံးမှာလဲ…ငါ သူတစ်ပါးယောကျ်ားမိန်းမ လို့…(မပါ–ပါဘုရား)။

ဩော်…ဒါဖြင့် ဒကာကြွယ်၊ ဒကာသစ်တို့၊ ဦးမာဒင်တို့ အလယ်ရှုပ်နေကြတာ…။ (မှန်ပါ့)၊ ဘယ်ရှုပ်နေတာလဲ…။ (အလယ်ရှုပ်နေတာပါ)၊ အလယ်မှာ သက္ကာယဒိဋ္ဌိဝင်ရောက်နေတယ်…(မှန်လှပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့် အလယ်မှာ ရှင်းပေးပါဦးမယ်၊ အလယ်လဲ ငါ သူတစ်ပါး ယောကျ်ား မိန်းမ မပါ– ပါဘူး…။ (မှန်လှပါဘုရား)။

အလယ်မှာလဲ မပါတာက အလယ်မှာ ခြောက်ဒွါရရှိတယ်လို့ မှတ်ရမယ်...။ (မှန်လှပါ)၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ မျက်စိမှာ ပေါ်တဲ့စိတ် ပဋိစ္စသမုပ္ပာဒ်... (မှန်လှပါ)၊ နားမှာပေါ်တဲ့စိတ်... (ပဋိစ္စသမုပ္ပာဒ်)၊ နှာခေါင်းမှာ ပေါ်တဲ့စိတ်...(ပဋိစ္စသမုပ္ပာဒ်)။

အင်း...လျှာမှာပေါ်တဲ့စိတ်...(ပဋိစ္စသမုပ္ပာဒ်)၊ အေး...ကိုယ်မှာပေါ်တဲ့ ပဋိစ္စသမုပ္ပာဒ်...(မှန်လှပါ)၊ မနောထဲမှာပေါ်တဲ့ ပဋိစ္စသမုပ္ပာဒ်...(မှန်လှပါ)၊ ပဋိစ္စသမုပ္ပာဒ် ဘယ်နှမျိုးပါလိမ့်...(ခြောက်မျိုးပါ)၊ ခြောက်မျိုး၊ အဲဒီခြောက်မျိုးကိုလဲ တစ်မျိုးပြလိုက်ရင် သိပါတယ်...။ (မှန်လှပါဘုရား)။

တစ်မျိုးပြလိုက်တဲ့အခါကျလို့ရှိရင်လဲ ဒကာ ဒကာမတို့ ငါ သူတစ်ပါး ယောကျ်ား မိန်းမ မပါဘူးဆိုတာ အလယ်မှာလဲ ရှင်းပါလိမ့်မယ်...။ (မှန်ပါ့)၊ အလယ်မှာ ခြောက်ဒွါရအလှည့်နဲ့ဖြစ်နေတယ်...။ (မှန်ပါ့)၊ အလယ်မှာ ခြောက်ဒွါရ...(အလှည့်နဲ့ ဖြစ်နေပါတယ်)၊ အလှည့်အပတ်နဲ့ဖြစ်နေတယ်ဆိုတာကို သိလိုက်ပါ...။ (မှန်ပါ့ဘုရား)။

ပုံစံချမပြရင် ဒကာ ဒကာမတို့၊ တစ်ခါတလေကျတော့ မျက်လုံးပေါက်ကနေပြီးသကာလ ငါ မြင်ခဲ့

တယ်က လာတော့တာပဲ…။ (လာပါတယ်)၊ နား ပေါက်ကနေပြီးသကာလ ငါ ကြားခဲ့တယ်…။ (လာ ပါတယ်ဘုရား)၊ အလယ်မှာ ဖွေပေါက်တတ်တယ်…။ (မှန်ပါ့)၊ ဘယ်မှာ ဖွေပေါက်ပါလိမ့်…။ (အလယ်မှာ ဖွေပေါက်ပါတယ်ဘုရား)။

စုတိမှာလဲ ရှင်းသား…။ (ရှင်းပါတယ်ဘုရား)၊ ပဋိသန္ဓေအလာမှာလဲ…(ရှင်းပါတယ်)၊ အလယ်ကျမှပဲ ငါ မြင်ခဲ့တယ်…။ (မှန်ပါ့)၊ ငါ ကြားခဲ့တယ်…။ (မှန်ပါ့)၊ ငါ နမ်းကြည့်ခဲ့သေးတယ်…။ (မှန်ပါ့)၊ ငါ စားကြည့်ခဲ့သေးတယ်…။ (မှန်ပါ့ဘုရား)။

ငါ ဝတ်ကြည့်ခဲ့သေးတယ်…။ (မှန်ပါ့)၊ ငါ ကြံ တွေးကြည့်ခဲ့သေးတယ်…။ (မှန်ပါ့)၊ သွားပြီ ခင်ဗျား တို့…၊ အလယ်မှာ ပဋိစ္စသမုပ္ပာဒ်ခြောက်မျိုး မရှိခဲ့ ဘူးလား…။ (ရှိပါတယ်ဘုရား)။

အဲဒီ ခြောက်မျိုးကို မကွဲပြားတာနဲ့ သက္ကာယ ဒိဋ္ဌိလာတာ…။ (မှန်ပါ့ဘုရား)၊ တယ်သဘောပါတယ်၊ ဒကာ ဒကာမတို့ သေသေချာချာ နားထောင်ပါ…။ (မှန်ပါ့ဘုရား)၊ အလယ်မှာ ရှုပ်နေတယ်ဆိုတာ မပေါ် သေးဘူးလာ…။ (ပေါ်ပါတယ်ဘုရား)။

ငါ မြင်ခဲ့တယ်ဆိုတော့ မျက်လုံးထဲ ပဋိစ္စသမုပ္ပာဒ် တစ်ခုလုံးကို ငါ လုပ်တာ...။ (မှန်ပါ့)၊ ငါ ကြားခဲ့တယ် ဆိုတော့ နား ပဋိစ္စသမုပ္ပာဒ်တစ်ခုလုံးကို...(ငါ လုပ် တာပါဘုရား)။

ငါ နမ်းရှုပ်ကြည့်ခဲ့သေးတယ်...၊ ဒီငါးပိကောင်း တယ်၊ မကောင်းဘူးဆိုတာ၊ ဟုတ်လား...။ (နှာခေါင်း ပဋိစ္စသမုပ္ပာဒ်ကော ဘာဖြစ်ပြန်လဲ...။ (ငါ ဖြစ်ပါ တယ်)၊ ဩော်...ငါ စားခဲ့ပါတယ်၊ ငါ စားလို့ ကောင်း တာ အခု ဝနေပါပြီဆိုပြီးသကာလ၊ စားစိတ်က နေပြီသကာလ တစ်ခုလုံးကို ငါ စွဲလိုက်တယ်...။ (ငါ စွဲပါတယ်ဘုရား)။

ဒီအထည်အလိပ်ကလေးတွေ ငါ ကိုင်ကြည့်ခဲ့ ပါသေးတယ်ဆိုပြီး ကာယဒွါရကနေပြီးသကာလ ဒကာသစ်တို့ ပဋိစ္စသမုပ္ပာဒ် လာလိမ့်မယ်...။ (မှန်လှ ပါဘုရား)။

အဲဒီ လာတာကို ပဋိစ္စသမုပ္ပာဒ်လို့ မသိတာနဲ့၊ ခန္ဓာတွေတန်းဖြစ် နေ ဘယ်၊ မသိတာနဲ့တဲ သက္ကာယဒိဋ္ဌိ စ,လာတယ်...။ (မှန်လှပါ)၊ ရှင်းပြီလား. .။ (ရှင်းပါ တယ်ဘုရား)။

ကိုယ့်ကိုယ်တိုင် ကြုံခဲ့တွေးခဲ့ပါတယ်ဆိုတော့ ကြုံလုံးကို ကိုယ် ထင်တာနဲ့ပဲ၊ ငါ ထင်တာနဲ့ပဲ ပဋိစ္စသမုပ္ပာဒ် ပေါ်လာတယ်...။ (မှန်ပါ့)၊ ပေါ်လာတာ အဲဒီဥစ္စာ ပဋိစ္စသမုပ္ပာဒ်လို့ မသိတာနဲ့ ငါ့ကြံလုံး၊ ငါ့စည်လုံး ဖြစ်လာတယ်...။ (မှန်လှပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ သက္ကာယဒိဋ္ဌိက အစကလဲ မပါခဲ့၊ အဆုံးမှာလဲ မပါ၊ အလယ်မှာ ရှုပ်နေတယ်ဆိုတာ ပေါ်ပြီ...။ (ပေါ်ပါပြီ)၊ အင်း... ဘယ်မှာရှုပ်နေ...(အလယ်မှာ ရှုပ်နေပါတယ်ဘုရား)။

နေရာကျပြီ၊ ဒီနေ့တရား နေရာကျပြီ ဒကာ ဒကာမတို့...။ (မှန်ပါ့)၊ ဩော်...တို့ ဒိဋ္ဌိမပြုတ်ရင် နိဗ္ဗာန် မရဘူးဆိုတော့ တို့သည်ကားလို့ဆိုရင် လူလားမြောက်တဲ့အချိန်မှာ ဆရာသမားနဲ့ မတွေ့ပြီ ဆိုမှဖြင့်၊ ဒိဋ္ဌိရှုပ်တော့တာပဲဆိုတဲ့ဥစ္စာဖြင့် ဦးလှဘူး ပေါ်ပြီဗျာ...။ (ပေါ်ပါပြီဘုရား)၊ သဘောကျပလား...။ (ကျပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဘယ်မှာ သက္ကာယဒိဋ္ဌိဖြစ်ပါလိမ့်မတုံးဆိုတော့ ပဋိသန္ဓေနေတုန်းလဲ မဖြစ်ပါဘူးဘုရား...။ (မှန်ပါ့)၊ သေခါနီးလဲ...(မဖြစ်ပါဘုရား)၊ သေတဲ့စိတ်လဲ မဖြစ်

ပါဘူးဘုရား၊ ဘယ်မှာ ဖြစ်နေတုန်းဆိုတော့ လှူလား မြောက်တဲ့အချိန်မှာ ဖြစ်ပါတယ်...။ (မှန်ပါ့ဘုရား)၊ ဘယ်လိုမှတ်ကြမယ်...။ (လှူလားမြောက်တဲ့အချိန်မှာ ဖြစ်ပါတယ်ဘုရား)။

ဩော်...ဒါဖြင့် ခင်ဗျားတို့ လှူလားမြောက်တာ ကဖြင့် အပါယ်သွားဖို့ပါပဲ...။ (မှန်လှပါ)၊ လှူလား မြောက်တာက...(အပါယ်သွားဖို့ပါဘုရား)၊ ဒကာ ကြွယ်၊ ဦးမာဒင် မှားလား...။ (မှန်ပါတယ်)၊ မှန်တယ်၊ လှူလားမြောက်ရင် အပါယ်သွားတော့မယ်...။ (မှန်လှ ပါ)၊ လှူလားမြောက်ရင်...(အပါယ်သွားတော့မှာပါ ဘုရား)။

အမယ်လေး...လှူလားမြောက်မှာ ကြောက်စရာ ကြီးပါလား...။ (ကြောက်စရာကြီးပါ)၊ ဒကာကြွယ် တို့ စိတ်ထဲကဖြင့် ဘယ်တော့ လှူလားမြောက်ပါ့ မတုံး၊ သူတို့ကို ပခုံးယှဉ်ပြီးသကာလ ပြောချင်၊ ဆိုချင်၊ သွားချင်၊ ရောင်းချင်၊ ဝယ်ချင်လိုက်တာ၊ ဟိုက ကလေးဖြစ်နေသေးလို့ ခက်သေးတယ်...။ (မှန်လှပါ ဘုရား)။

တယ်...လှူလားမြောက်ချင်ကြ...(မြောက်ချင် ပါတယ်)၊ ဘာဖြစ်ချင်လို့တုံးဆိုလို့ရှိရင် ဒိဋ္ဌိပွားချင်

လို့…။ (မှန်ပါ့)၊ အပါယ်သွားချင်လို့…။ (မှန်ပါ့)၊ ဆိုလို့ရှိရင် လွဲပါ့မလား…။ (မလွဲပါဘုရား)။

ဩော်…ဒါဖြင့် မသိတဲ့ ပုဂ္ဂိုလ်များ လူလားမြောက်ရတဲ့အချက်ဟာဖြင့် ဒကာသစ် တယ်ဆိုးပါလား…။ (မှန်ပါ့)၊ မသိတဲ့ပုဂ္ဂိုလ်များ လူလားမြောက်လာတာ…။ (ဆိုးပါတယ်ဘုရား)။

ဒီအထဲ တရားနာလာကြတဲ့ ဒကာရော၊ ဒကာမတွေရော ဆိုသလိုပဲ သမုတိသစ္စာနဲ့ပြောလို့ရှိရင် လူလားမြောက်ပြီးသားချည်းပဲ…။ (မှန်ပါ့)၊ ဘာတွေများ လူလားမြောက်နေကြတာတုံးဆိုတော့ အပါယ်သွားဖို့ ခရီးရောက်နေကြတာဘုရား…။ (မှန်ပါ့)၊ ဘယ့်နှယ်ဆိုကြ…(အပါယ်သွားဖို့ ခရီးရောက်နေကြတာပါဘုရား)။

တော်–တော်သေးတယ်၊ ခင်ဗျားတို့ ဒီလာတရားနာဖော်ရလို့…။ (မှန်ပါ့)၊ တော်–တော်သေးတယ်၊ နို့မို့ အလောင်းက သုသာန်…ဟုတ်လား…။ (မှန်ပါ့)၊ အလောင်းကသုသာန်၊ ကံအကျိုးပေးက အပါယ်…။ (မှန်ပါ့)၊ အလောင်းက သုသာန်…(ကံအကျိုးပေးက အပါယ်ပါ)၊ ဒီလိုချည်းသွားနေတာပဲ…။ (မှန်လှပါဘုရား)။

အလောင်းက...(သုသာန်ပါ)၊ ကံအကျိုးပေးက...(အပါယ်ပါ)၊ အင်း...လူလားမြောက်ပြီလို့၊ ဒီတော့ ဘေးကပုဂ္ဂိုလ်တွေက ငိုကြွေးသေးတယ် ဒကာကြွယ်ရ၊ ကျောင်းဒကာကြီး သွားပေါ့...။ (မှန်ပါ့)၊ ဟုတ်သားပဲ၊ ကျောင်းဒကာကြီးသွားတာ...။ (မှန်ပါ့)၊ ရိပ်မိပြီလား...။ (မှန်ပါ့)၊ ဘယ်သွားတာတုံး...။ (အပါယ်သွားတာပါ)၊ ရိပ်မိပြီလား...။ (ရိပ်မိပါပြီဘုရား)။

ကျောင်းဒကာကြီး သွားပေါ့ ပြောလိုက်တယ်၊ ဒီ သက္ကာယဒိဋ္ဌိမကွာလို့ရှိရင် သွားပေါ့ပြောတာ မမှားဘူးဗျ...။ (မှန်လှပါ)၊ ရှင်းပြီလား...။ (ရှင်းပါပြီဘုရား)၊ အင်း...ဒါဖြင့် ဘုရားဒကာကြီး သွားပေါ့၊ သက္ကာယဒိဋ္ဌိမပြုတ်ဘဲနဲ့ လုပ်လို့ရှိရင်တော့ သုဂတိ ခဏရောက်ပြီး သွားဦးမှာပဲ၊ မသွားပေဘူးလား...။ (သွားပါတယ် ဘုရား)။

အဲ...ဒါ့ကြောင့် ဒကာ ဒကာမတို့ လူလားမြောက်တဲ့အချိန်မှာ ဉာဏ်လားမြောက်ဖို့လဲ အရေးကြီးပါတယ်...။ (မှန်ပါ့)၊ လူလားမြောက်တဲ့အချိန်မှာ...(ဉာဏ်လားမြောက်ဖို့ အရေးကြီးပါတယ်)၊ ဉာဏ်အလားအလာမြောက်ဖို့လဲ အရေးကြီးတယ်ဆိုတာ ပေါ်ကြပြီလား...။ (ပေါ်ပါပြီဘုရား)။

ကိုင်း…ဒါဖြင့် ဒီနေ့ဖြင့် ဉာဏ်အလား အလာ လူလားမြောက်တဲ့အချိန်မှာ ဉာဏ်အလားအလာလဲ မြောက်လို့ရှိရင်ဖြင့် ခင်ဗျားတို့အပါယ်လေးပါး တံခါး ပိတ်ပါတယ်…။ (မှန်လှပါဘုရား)။

ကိုင်း…ကြည့်ကြပါ ဒကာ ဒကာမတို့၊ ပဋိသန္ဓေ နေခဲ့တုန်းကလဲ ခန္ဓာငါးပါး…။ (မှန်ပါ့)၊ စုတိပြန်တော့ လဲ ခန္ဓာငါးပါး ချုပ်တာရှိတာပဲ…။ (မှန်ပါ့ဘုရား)။

ပဋိသန္ဓေနေတုန်းက ခန္ဓာငါးပါးဖြစ်တာ…။ (မှန်ပါ့)၊ စုတိပြန်တော့ ခန္ဓာငါးပါးဖြစ်ဆုံး…။ (မှန်ပါ့)၊ သဘောကျလား…။ (ကျပါတယ်)၊ ပဋိသန္ဓေနေ တုန်းက… (ခန္ဓာငါးပါးဖြစ်တာပါ)၊ ခန္ဓာငါးပါဖြစ်နေ တာ…(မှန်လှပါ)၊ စုတိတော့…ခန္ဓာငါးပါးချုပ်ဆုံးတာ ပါ)၊ **ခန္ဓာငါးပါးဖြစ်တာဖြင့်** ဒီဘဝဆုံးပြီ…။ (မှန်လှ ပါဘုရား)။

**အလယ်မှာ** ဘာနဲ့များ နေကြပါလိမ့်မတုံးလို့ **မေးတော့မှ** ရှင်းသွားတယ်…။ (ရှင်းပါတယ်)၊ ဩော်… တပည့်တော် အလယ်လဲ ဒါနဲ့နေဖို့ပေါ့ဘုရား…။ (မှန်ပါ့)၊ **အလယ်** ဘာနဲ့နေကြ…။ (ခန္ဓာနဲ့နေဖို့ပါ ဘုရား)။

အလယ်မှာ ခန္ဓာငါးပါးနဲ့ နေရုံပဲ…။ (မှန်ပါ့)၊ အစက ဘာနဲ့ မွေးခဲ့ကြ…(ခန္ဓာငါးပါးနဲ့ မွေးခဲ့ကြပါတယ်)၊ အဆုံး ဘာနဲ့ နိဂုံးချုပ်ကြ…(ခန္ဓာငါးပါးနဲ့ နိဂုံးချုပ်ပါတယ်)၊ ဒါဖြင့် အလယ်မှာ ဘာနဲ့နေကြမယ်…။ (ခန္ဓာငါးပါးနဲ့ နေကြဖို့ပါဘုရား)။

တော်တော်…တော်လာပြီ…။ (မှန်ပါ့)၊ တော်တော်…တော်လာပြီ ဒကာကြွယ်၊ တော်တော်…တော်လာတယ်…။ (မှန်ပါ့)၊ အင်း…အလယ်မှာ လူလားမြောက်တာ မဟုတ်ဘူး…။ (မှန်ပါ့)၊ အလယ်မှာ ခန္ဓာငါးပါး အလှည့်အပတ်နဲ့ ဖြစ်နေတယ်…။ (မှန်ပါ့)၊ ဒွါရခြောက်ပေါက်က လှည့်ဖြစ်နေတာ…။ (မှန်ပါ့ဘုရား)။

သေသေချာချာ နာကြပါ ဒကာ ဒကာမတို့…။ (မှန်ပါ့)၊ သေသေချာချာ နာကြပါလို့ တောင်းပန်တာသည် ပြောတဲ့ပုဂ္ဂိုလ်က ရှင်းအောင် ပြောပါတယ်…။ (မှန်ပါ့)၊ နားမလည်မှာ အလွန်စိုးရိမ်လို့ ဒီတောင်းပန်ချက် ခဏခဏထွက်လာတယ် မှတ်ရမယ်…။ (မှန်ပါ့ဘုရား)။

ဘာ့ကြောင့်တုံးဆိုတော့ ခင်ဗျားတို့က ဘယ်တော့မှ မမှတ်မိတဲ့လူကို၊ နာမည် အင်း…အကဲခတ်

နေရသလိုဖြစ်နေတယ်...။ (မှန်ပါ)၊ ဘယ်တော့မှ မတွေ့ဖူးတဲ့လူလို...(အကဲခတ်နေရသလိုပါ)၊ အကဲခတ်နေရတော့ နာမည်လဲ မမှတ်မိဘူး လူရုပ်ပုံလဲ မဖမ်းနိုင် ဖြစ်နေလို့ သေသေချာချာ နာကြပါ၊ တစ်ခါမှ မတွေ့ဖူးတဲ့ အလုပ်ဖြစ်နေတယ်...။ (မှန်လှပါ)၊ ရှင်းပြီလား...။ (ရှင်းပါတယ်ဘုရား)။

တစ်ခါမှ...(မတွေ့ဖူးတဲ့အလုပ်ပါဘုရား)၊ အောင်မယ်လေး...အတူတူနေပြီး မတွေ့ဖူးဘူးဆိုတော့ ဦးမာဒင် ခက်တယ်...။ (မှန်လှပါ)၊ အတူနေပြီးတော့... (မတွေ့မိပါဘုရား)၊ ဘယ့်နှယ်ဖြစ်နေတုံး ဒကာကြွယ်၊ ပြောပြစမ်းပါဦး၊ အတူနေပြီး မတွေ့ဖူးဘူးဆိုတော့... (အမိန့်ရှိပါဘုရား)။

ဒါ...ဘာတုံးလို့ဆိုလို့ရှိရင် သုတဝါအရိယာသာဝကောဆိုတဲ့အတိုင်း ဒကာသစ်ရေ...အကြားအမြင်များတဲ့ ဆရာသမားများ မကပ်မိတဲ့အတွက် တစ်ခါတည်း သက္ကာယဒိဋ္ဌိမင်းမှူသွားတော့တာ...။ (မှန်လှပါဘုရား)။

အလယ်မှာ ဘယ်သူမင်းမူနေလဲ...။ (သက္ကာယဒိဋ္ဌိမင်းမူပါတယ်)၊ ကြောက်စရာကြီးပါလား...။ (မှန်ပါ)၊ အသေအချာ စဉ်းစားပါ ဒကာ ဒကာမတို့၊ ခင်ဗျားတို့

မွေးတုန်းကလဲ ခန္ဓာငါးပါး၊ သေတော့လဲ ခန္ဓာငါးပါး ဆုံးတယ်…။ (မှန်ပါ့)၊ အလယ်မှာကျတော့ ခန္ဓာ ငါးပါး ပျောက်တယ်…။ (ပျောက်ပါတယ်ဘုရား)။

ဟ…ဘယ်သူ မင်းမူနေပါလိမ့်မတုံး…။ (သက္ကာယဒိဋ္ဌိ မင်းမူလို့ပါ)၊ ကိုင်း…ငါ သွားပြီ… သက္ကာယဒိဋ္ဌိ မင်းမူပြီ…။ (မှန်ပါ့)၊ ငါ မြင်တယ်ကွ ဆိုတော့…(သက္ကာယဒိဋ္ဌိ မင်းမူးပါတယ်)၊ ငါ နား ထောင်ခဲ့ပါတယ်ကွ…။ (သက္ကာယဒိဋ္ဌိ မင်းမူပါတယ်)၊ ငါကိုယ်တိုင်ဝတ်ခဲ့ပါတယ်ကွ…။ (သက္ကယာဒိဋ္ဌိမင်းမူ တာပါ)၊ အဲ…ငါ့အကြံအစည်မတည့်လားကွ…။ (သက္ကာယဒိဋ္ဌိ မင်းမူပါတယ်ဘုရား)။

ဩော်…ဒကာ ဒကာမတွေ ခက်လိုက်တဲ့ဖြစ် ခြင်း။ သက္ကာယဒိဋ္ဌိမင်းမူနေတည်းကိုက ဒကာကြွယ် အခက်ကြီးခက်ပြီ…။ (ခက်ပါတယ်ဘုရား)။

ယထာမ ဟောခဲ့ပါတယ်၊ ဒိဋ္ဌိနိရောဓ နိဗ္ဗာန် ဆိုတာ သက္ကာယဒိဋ္ဌိချုပ်ရင် နိဗ္ဗာန်ကိုဗျ…။ (မှန်ပါ့)၊ သူ့ကိုယ်ကကို အခု အလယ်ပိုင်း မင်းမူနေတယ်…။ (မှန်ပါ့)၊ သက္ကာယဒိဋ္ဌိမင်းမူနေပါတယ်ဘုရား)။

မင်းမူနေတာကိုလဲ ဒကာ ဒကာမတွေကတော့ ပြင်ပို့မယ်၊ ဆင်ပို့မယ်ဆိုတဲ့ ဥစ္စာလဲ တစ်ခါမှ မတွေ့ဖူး

သေးတဲ့ ပုဂ္ဂိုလ်ကို မျက်စိမျက်နှာ မမှတ်မိသလို ဖြစ်နေတယ်...။ (မှန်လှပါဘုရား)။

ကြားကို မကြားဖူးတော့ သူက မူမြဲတိုင်း မူနေတာပဲ၊ မင်းက...(မှန်ပါ့)၊ ရိပ်မိပြီလား...။ (မှန်လှပါ)၊ ဒါဖြင့် အားလုံး ဒကာ ဒကာမတွေ ခင်ဗျားတို့ ဒီအသက်ဒီအရွယ်တိုင်တိုင် ရောက်ပြီးသကာလ လာကြတာလဲ ဘုန်းကြီးများလဲ သိပါပြီ...။ (မှန်လှပါဘုရား)။

ဘယ်သူမင်းမူပြီးသကာလ ဘယ်သူ့လက်အောက်မှာ လူလားမြောက်လာကြတယ်ဆိုတာ အကဲခတ်ပါဦး...။ (သက္ကာယဒိဋ္ဌိပါ)၊ သက္ကာယဒိဋ္ဌိလက်အောက်မှာ လူလားမြောက်လာတယ်...။ (မှန်ပါ့)၊ နာလိုက်တာ၊ နာလိုက်တဲ့ဖြစ်ခြင်း ဒကာ ဒကာမတို့...။ (မှန်လှပါဘုရား)။

နိဗ္ဗာန်တံခါးပိတ်မည့်၊ အပါယ်တံခါးဖွင့်မည့်၊ သက္ကာယဒိဋ္ဌိအောက်မှာ လူလားမြောက်လာကြတဲ့ ဥစ္စာလောက် သက်ဆိုးရှည်ဖြင့် မရှိပါဘူးဗျာ...။ (မှန်ပါ့)၊ ပေါ်ကြပြီလား...။ (မှန်လှပါဘုရား)။

ဒကာကြွယ်...သည်ကံကောင်း အကြောင်းသင့်သေးတယ်ဆိုတာ ကိုယ့်ဟာကိုယ် ဝမ်းသာကြစမ်းပါ

နော်…။ (မှန်လှပါ)၊ ကံကောင်း အကြောင်းသင့်တယ် ဆိုတာ… (ဝမ်းသာရမှာပါဘုရား)၊ ကိုယ့်ဟာကိုယ် ဝမ်းသာကြစမ်းပါ။

ခင်ဗျားတို့ ကိုယ်ပိုင်ဉာဏ်နဲ့ ရှာပတ်ဝန်းကျင် အခြေအနေနဲ့ဖြင့် ဟိုအိမ်ကလဲ သက္ကာယဒိဋ္ဌိမင်းမူ နေတာပဲ…။ (မှန်ပါ)၊ ဒီဘက်အိမ်ကရော…(သက္ကာယ ဒိဋ္ဌိမင်းမူနေပါတယ်ဘုရား)။

ဩော်…ဒါဖြင့် ဟိုအိမ်ကသေတဲ့မသာလဲ ဘယ် သွားပါလိမ့်မတုံး…၊ အို…အလောင်းက သုသာန်၊ အကျိုးပေးက အပါယ်…(မှန်ပါ့ဘုရား)၊ သဘော ကျလား…။ (မှန်ပါ)၊ ဒီဘက်အိမ်က သေတဲ့ မသာလဲ ဘယ်များ သွားရှာပါလိမ့်မတုံးမေးရင် အလောင်းက တော့ သုသာန်ပဲ…။ (မှန်ပါ)၊ လူက… (အပါယ်ပါ ဘုရား)။

အဲ…ကံကပစ်ချတယ်…။ (မှန်ပါ)၊ ဘယ်သူ မင်းမူနေတုံး…။ (သက္ကာယဒိဋ္ဌိမင်းမူနေပါတယ်)၊ ဘော် သေးတယ်နော်၊ ဒါ ခြောက်ဟောတဲ့တရား မဟုတ် ပါဘူး…။ (မှန်ပါ)၊ ဦးမာဒင် ဒါခြောက်ဟောတာ လား…။ (မဟုတ်ပါဘုရား)၊ မဟုတ်ဘူးတဲ့။

ခင်ဗျားတို့ မျက်လုံးပေါက်က အကဲခတ်ကြည့်၊ ငါ မြင်တယ်ပြောတာပဲ...။ (ငါ မြင်တယ် ပြောပါတယ်ဘုရား)၊ အဟုတ်ကိုပဲလား၊ အဟုတ်ပေါ့ကွ၊ ငါ ကိုယ်တိုင် မြင်ခဲ့တယ် ..။ (မှန်လှပါ)၊ တစ်ခါတည်း မြင်စိတ် ငါ စွဲ-စွဲတယ်...။ (စွဲပါတယ်ဘုရား)။

ငါကိုယ်တိုင် ကြားခဲ့တယ်၊ မဟုတ်ပါဘူး၊ တစ်ဆင့်ကြားလား...။ မဟုတ်ပါဘူး၊ ငါကိုယ်တိုင် ကြားခဲ့တာပါ...။ (မှန်လှပါဘုရား)၊ ဘယ်သူ မင်းမူနေတာလဲ...။ (သက္ကာယဒိဋ္ဌိပါဘုရား)။

ငါကိုယ်တိုင် ဒီဥစ္စာ ရှူရှိုက်ကြည့်ခဲ့ပါသေးတယ်ကွ၊ မကောင်းတယ်၊ ကောင်းတယ် သိရအောင်...။ (မှန်ပါ့)၊ ဘာ မင်းမူနေလဲ...။ (သက္ကာယဒိဋ္ဌိပါဘုရား)၊ နှာခေါင်းပေါက်က မိတ်ဆွေလာသရွေ့ကို သက္ကာယဒိဋ္ဌိက မင်းမူနေတယ်...။ (မှန်လှပါဘုရား)။

စားကြည့်တော့...ငါကိုယ်တိုင် စားကြည့်ခဲ့ပါတယ်ကွာဆိုတော့ စားတဲ့စိတ်ဟူသရွေ့ စားတဲ့နောက်က တဏှာ၊ ဥပါဒါန် ကံတွေကာစ,ပြီး ဘယ်သူ မင်းမူနေလဲ...။ (သက္ကာယဒိဋ္ဌိပါဘုရား)။

ငါကိုယ်တိုင် အထည်အလိပ်တွေ ကိုင်တွယ်စမ်းကြည့်ပြီး ဝတ်ဘောင်ကြည့်ခဲ့သေးတယ်ကွ...၊

ဘယ်သူ မင်းမူနေလဲ...။ (သက္ကာယဒိဋ္ဌိပါ)၊ ငါကိုယ် တိုင် ကြံလုံးဖန်လုံးနဲ့ လုပ်လာလို့ ဒီအခြေအနေ ရောက်လာတာကွ...၊ ဒါ ဘယ်သူ မင်းမူနေလဲ...။ (သက္ကာယဒိဋ္ဌိပါ)၊ မနောပေါက်ကာလဲ သက္ကာယဒိဋ္ဌိ ပဲ မင်းမူနေတယ်...။ (မှန်လှပါဘုရား)။

ကဲ...ဒါဖြင့် ဒကာ ဒကာမတို့၊ စုတိနဲ့ ပဋိသန္ဓေ ကြား ဘယ်သူ မင်းမူနေပါလိမ့်...။ (သက္ကာယဒိဋ္ဌိပါ)၊ ကြောက်စရာကြီးပါလား...၊ အုပ်ချုပ်ရေးကဖြင့် ခင်ဗျား တို့အပေါ်မှာ အုပ်ချုပ်နေတာ၊ သက္ကာယဒိဋ္ဌိက ဘုရင် လုပ်နေတယ်...။ (မှန်ပါ)၊ အင်း...ဘယ်သူက ဘုရင် လုပ်နေလဲ...။ (သက္ကာယဒိဋ္ဌိပါဘုရား)။

ဒကာသစ်၊ ဒါ နားကြီးကြီးနဲ့ထောင်ပါ...။ (မှန်လှ ပါ)၊ နားကြီးကြီးနဲ့ထောင်မှ ဒကာ ဒကာမတွေ ဒီဥစ္စာ မှန်လွန်းလို့ ဒီလောက် အေးအေးဆေးဆေး ပြော နေတယ်ဆိုတဲ့ အဓိပ္ပာယ် မှတ်စမ်းပါ...။ (မှန်လှပါ ဘုရား)။

ခင်ဗျားတို့အနေနဲ့ ခင်ဗျားတို့အခြေအနေနဲ့ဖြင့်... အင်း...ကျုပ်တို့ဖြင့် ဘယ်နေ့က သံသာအပါးတစ်ရာ ကျုပ်ကိုယ်တိုင် ဆွမ်းလောင်းလိုက်တာပါပဲ...။ (မှန်ပါ)၊ ဘယ်နေ့ကဖြင့်ကျုပ်အကြောင်းလေးညီညွတ်လာတာနဲ့

ဘယ်နေရာသွားပြီး သိမ်လေး ပျက်နေတာ ပြင်လိုက်၊ ဘုရားတွေ ပျက်နေတာ အစားထိုးလိုက်၊ ကျုပ်ကိုယ်တိုင် လုပ်ခဲ့တဲ့အလုပ်တွေ မနည်းပါဘူး၊ သဟတ္တိက ဒါန...။ (မှန်လှပါဘုရား)။

အံမာ...လာလိုက်သေး...။ (လာပါတယ်)၊ သဟတ္တိက ဒါန...ကျုပ်ကိုယ်တိုင် လုပ်ခဲ့တာပါ...။ (မှန်ပါ့)၊ အံမယ်လေး...သွားပေါ့...။ (မှန်လှပါ)၊ ဒါ့ကြောင့် သက္ကာယဒိဋ္ဌိက ကမ္မဿကတာဉာဏ် လောက်များ ဂရုကိုမစိုက်ဘူး...။ (မှန်လှပါဘုရား)။

သက္ကာယဒိဋ္ဌိက...(ကမ္မဿကတာဉာဏ်လောက် ဂရုမစိုက်ပါ)၊ ကမ္မဿကတာဉာဏ်လောက်ဆိုတဲ့ဥစ္စာ ခင်ဗျားတို့ လှူဒါန်းပေးကမ်းတဲ့ ဉာဏ်လောက်တော့ ငါ မင်းတို့အပေါ်မှာ မင်းမှူးဦးမယ်...။ (မှန်ပါ့)၊ ရှင်းပြီလား...။ (ရှင်းပါတယ်ဘုရား)။

ဘယ်လောက်များ ကြောက်စရာကောင်းတယ်ဆိုတာ ပေါ်ကြပလား...။ (မှန်ပါ့)၊ အဲဒါကြောင့် ဒကာကြွယ်တို့၊ ဒကာသစ်တို့ ပြောရတယ်၊ မတင်း စိမ်ပါနဲ့ဦးဗျာ...။ (မှန်လှပါဘုရား)။

ခင်ဗျားတို့ ပေးကမ်းလှူဒါန်းထားတာလေးတွေ ကသိုလ်မရဘူးတော့ မဟုတ်ပါဘူး၊ရပါတယ်၊ သို့သော်

မတင်းတိမ်ပါနဲ့ဦး...။ (မှန်လှပါ)၊ ဘာ့ကြောင့်တုံးလို့ မေးတော့မှ ယနေ့လက်သည်ပေါ်လာပြီ...။ (ပေါ်ပါပြီဘုရား)။

ဘယ်သူ မင်းမူနေတုံး...။ (သက္ကာယဒိဋ္ဌိပါ)၊ ကဲ...ရှင်းကြလား...ဒကာကြွယ်၊ ဘယ်သူ မင်းမူနေတယ်...။ (သက္ကာယဒိဋ္ဌိပါဘုရား)၊ သက္ကာယဒိဋ္ဌိ မင်းမူနေတယ်ဆိုတာ ကမ္ဘာသကတာဉာဏ်လောက်က သက္ကာယဒိဋ္ဌိခွာနိုင်ရဲ့လား...။ (မခွာနိုင်ပါဘုရား)။

မခွာနိုင်တော့ ဒီဉာဏ်လေးက သူ့လက်အောက်က မနေဘူးလား...။ (မှန်ပါ့)၊ ကဲ...သက္ကာယဒိဋ္ဌိက ဒိဋ္ဌိမဟုတ်လားဗျာ...။ (မှန်ပါ့)၊ ကဲ...ဒိဋ္ဌာသဝ... (မှန်ပါ့)၊ ဆိုကြစို့၊ နာမည် သူ့ကို အကျယ်ချဲ့လိုက်တော့ ဘာဖြစ်သွား...(ဒိဋ္ဌာသဝပါဘုရား)။

ဒါဖြင့်...သူ မင်းမူပါတယ်ဆိုတဲ့ ဒိဋ္ဌာသဝ လက်အောက်မှာ ရောက်နေတယ်...။ (မှန်ပါ့)၊ ပေါ်ပြီလား...၊ ဘယ်သူ့လက်အောက် ရောက်နေ...။ (ဒိဋ္ဌာသဝလက်အောက်ပါဘုရား)။

ဒါဖြင့်...သူသည် ခင်ဗျားတို့ပြုတဲ့ ကုသိုလ်က အကျိုးပေးလို့ရှိရင် အာသဝနယ်ကိုလွန်ပြီး အကျိုးပေးနိုင်ပါ့မလားလို့ မေးလိုက်တယ်...။ (မပေးနိုင်

ပါ)၊ ဒါ…ကြပ်ကြပ်စဥ်းစားပါ…။ (မှန်ပါ့)၊ အာသဝ နယ်ကလဲ ဘုံအားဖြင့် ဘဝဂ်တိုင်အောင်…။ (မှန်ပါ့)၊ ဓမ္မအားဖြင့် သောတာပတ္တိမဂ်၏ရှေ့ ဂေါတြဘူတိုင် အောင် သူ လိုက်မနေဘူးလား…။ (မှန်လှပါဘုရား)။

ကဲ…ဒကာကြွယ်၊ အာသဝနယ်က ဘယ် လောက်ကျယ်လဲ…။(ကျယ်ပြောပါတယ်)၊ သူ့အင်ပါ ယာ ခေတ်ပြော ပြောရင် သူ့အင်ပါယာ မနည်းဘူး…။ (မှန်ပါ့)၊ သဘောကျလား…။ (မှန်ပါ့)၊ ဘုံအားဖြင့် ဘဝဂ်တိုင်အောင်…။ (မှန်ပါ့)၊ နေဝသညာ နာသညာ ယတနဘုံထိအောင် လိုက်တယ်…။ (မှန်ပါ့ဘုရား)။

ဒါ…ငါ့နယ်ကွ၊ ဒီနေရာကလူ နိဗ္ဗာန်မသွားရ ဘူး…။ (မှန်ပါ့)၊ ရှင်းပြီးလား…။ (မှန်ပါ့)၊ ဓမ္မအားဖြင့် ဆိုတော့ ခန္ဓာကိုယ်ဖြစ်စဉ်ထဲမှာ ဓမ္မတွေမှာ ဟော့… မင်းတို့ ဝိပဿနာဉာဏ်လောက်တောင်မှ ငါသည် ကားလို့ဆိုရင်ဖြင့် အုပ်ချုပ်နိုင်ပါသေးတယ်…။ (မှန်လှ ပါဘုရား)။

ဒါ့ကြောင့် ငါ ဝိပဿနာရှုနေတယ်ဆိုတာ ပါသေးတယ်ကွာ…။ (ပါ–ပါတယ်)၊ ကဲ…ဝိပဿနာ ဉာဏ်လောက်များ သူက မဖြိုသေးဘူးတဲ့…။ (မှန်ပါ့)၊

ဒုက္ခသစ္စာသိတဲ့၊ မဂ္ဂင်ရှစ်ပါးပြည့်တဲ့ မဂ်ဉာဏ်ကျ တော့မှ သူ လျှော့တယ်...။ (မှန်လှပါဘုရား)။

တော်ပြီ...သူ့နယ်လွတ်သွားပြီ၊ ဒီလူတော့ ကျွပ် တားလို့ မရတော့ဘူး...။ (မှန်ပါ့)၊ ပေါ်ကြပြီလား...။ (မှန်လှပါ)၊ ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ ဒီ တရားကို ကြိုးစားပြီးတော့ နာကြပါ...။ (မှန်လှပါ)၊ အားလဲထုတ်ပါ...။ (မှန်လှပါဘုရား)။

သူ့နယ်က မလွတ်သရွေ့ ကာလပတ်လုံးဖြင့် ဒကာ ဒကာမတို့ အပါယ်လေးပါး ငါ စိတ်ချရပြီလို့ ဘယ်တော့မှ မအောက်မေ့နဲ့...။ (မှန်ပါ့)၊ ရှင်းပြီ လား...။ (မှန်ပါ့)၊ ကဲ...ဒကာသစ် အရေးကြီးပုံ ပေါ်လာပြီ...။ (မှန်လှပါဘုရား)။

ပဋိသန္ဓေနေတုန်းကလဲ ဒကာ ဒကာမတို့ ခန္ဓာ ငါးပါး ရုပ်နာမ်တရားနော်...။ (မှန်ပါ့)၊ ခုထိတော့ဗျာ... (ခန္ဓာငါးပါး ရုပ်နာမ်တရားပါ)၊ ခန္ဓာငါးပါး ရုပ်နာမ် တရား ဆုံးရှုံးသွားတာပဲရှိတယ်...။ (မှန်လှပါဘုရား)။

အလယ်မှာပေါ်တဲ့ ဓမ္မတွေ၊ ခြောက်ဒွါရမှာ ပေါ် တဲ့ ဓမ္မပဋိစ္စသမုပ္ပါဒ်တွေ ဟူသရွေ့ကို ခင်ဗျားတို့ကလဲ ပဋိစ္စသမုပ္ပါဒ်လို့ မသိ...။ (မသိပါဘုရား)၊ မသိတော့ အကုန် ငါစွဲချတယ်...။ (စွဲမိပါတယ်ဘုရား)

ဒါဖြင့် အလယ်မှာ ဘယ်သူ မင်းမူနေလဲ…။ (သက္ကာယဒိဋ္ဌိပါ)၊ ဒါဖြင့် မသေမချင်း မင်းမူနေတယ်…။ (မှန်ပါ့)၊ ပေါ်ကြလား…။ (မှန်ပါ့)၊ ဘာတဲ့တုံးဗျာ…။ (မသေမချင်း မင်းမူနေပါတယ်ဘုရား)။

အံမယ်လေး…ဒကာကြွယ် လွန်လှချည့်လား…။ (မှန်ပါ့)၊ သေသေချာချာ ဉာဏ်နားနဲ့ထောင်မှ ဒကာ သစ်တို့…ဩော်…ဟုတ်ပါလား…၊ ပေါ်လာတယ်…။ (မှန်ပါ့)၊ ဩော်…ဟုတ်ပါလားဆိုတာ အသေအချာ ဉာဏ်နားနဲ့ထောင်မှ ပေါ်လာတယ်…။ (မှန်ပါ့ဘုရား)။

ဘာ မင်းမူနေလဲ…။ (သက္ကာယဒိဋ္ဌိပါ)၊ ဘယ်ကစ၍ ဘယ်တုံး…၊ ပဋိသန္ဓေနေကစပြီး မသေခင် စပ်ကြားဗျာ…။ (မှန်ပါ့)၊ ဘယ်သူ မင်းမူနေလဲ…။ (သက္ကာယဒိဋ္ဌိပါ)၊ ကဲ…ကောင်းကောင်းရိပ်မိကြပြီ…။ (မှန်ပါ့ဘုရား)။

ဒွါရခြောက်ပေါက် ဖြစ်ချင်တာကလာတာ…၊ ဒါ…ငါချည်းစွဲတယ်…။ (မှန်လှပါဘုရား)၊ ဒွါရခြောက်ပေါက် ဖြစ်ချင်တဲ့ စိတ်ဖြစ်… (ငါ ထင်ပါတယ်)၊ ဒကာ ဒကာမတွေ ဘာထင်တုံး…။ (ငါ ထင်ပါတယ်ဘုရား)။

ကြည့်...ငါ မြင်တယ်...။ (မှန်ပါ့)၊ ဟော... မြင်စိတ်ကို ငါစွဲတယ်...။ (စွဲပါတယ်)၊ မြင်တာ ငါ လိုချင်တယ်၊ ဟော...ပဋိစ္စသမုပ္ပာဒ်မြင်လို့ လိုချင်တဲ့ တဏှာကို ငါ စွဲလိုက်တယ်...။ (မှန်လှပါဘုရား)။

ငါ မရ မနေနိုင်ဘူးဆိုပြီး ဥပါဒါန် ငါစွဲလိုက်တယ်...။ (စွဲပါတယ်)၊ ငါတော့ မရ အရ အားထုတ်ရမှာပဲဆိုတော့ ကံကို ဘာစွဲလိုက်တုံး...။ (ကံကို ငါစွဲ ပါတယ်ဘုရား)။

တစ်ခါ နားပေါက်လှည့်လိုက်ပြန်တော့၊ ငါ ကြား ခဲ့တယ်ဆိုတော့ ကြားစိတ် ဘာစွဲပြန်...(ငါစွဲပါတယ်)၊ အိုး...ကြားလို့ကို ငါ သဘောကျတယ်၊ တဏှာကို ဘာစွဲပြန်တုံး...။ (ငါ စွဲပါတယ်)၊ စွဲတယ် တဏှာကို၊ ငါ သဘောကျတာ နည်းနည်းနောနော သဘောကျ တာ မဟုတ်ဘူးနော်၊ အမြဲတမ်း သတိရနေတယ်...။ (မှန်လှပါဘုရား)။

ဟော...ဥပါဒါန်ကို...(ငါစွဲပါတယ်)၊ ဒါ့ကြောင့် ငါတော့ဖြင့် ဒီပွဲလမ်းသဘင် မသွားမဖြစ်ဘူး...။ (မှန်ပါ့)၊ ဟော...ကာယကံ၊ ဝစီကံ မလာဘူးလား...။ (လာပါတယ်)၊ ကံကို ဘာစွဲပြန်တုံး...။ (ငါ စွဲပါတယ် ဘုရား)။

တစ်ခါ လှည့်ပြန်တာပဲ...၊ နှာခေါင်းပေါက် လှည့်လိုက်၊ လျှာပေါက် လှည့်လိုက်...၊ မနောပေါက် လှည့်လိုက်၊ ကိစ္စကြုံသလိုလှည့်သွားတယ်...။ (မှန်ပါ)၊ လှည့်ချင်တာလှည့် ဒကာ ဒကာမတို့၊ ဒါဟာ ဖြစ်ပျက်ပါလား...။ (မှန်လှပါဘုရား)။

ရုပ်နာမ်ပါလား...။ (မှန်လှပါ)၊ ဖြစ်ပျက်ပါလားလို့ လာကို မလာဘူး...။ (မလာပါ)၊ ငါ့ချည်း အကုန်လုပ်ပစ်လိုက်တယ်...။ (မှန်လှပါ)၊ ဒါဖြင့် အလယ်ပိုင်း ဘယ်သူမင်းမူပါလိမ့်...။ (သက္ကာယဒိဋ္ဌိပါဘုရား)၊ ဒကာကြွယ် ရှင်းပြီးလား...။ (မှန်ပါ)၊ သဘောကျလား...။ (မှန်လှပါဘုရား)။

ဒါဖြင့် ယနေ့ ဒကာ ဒကာမတို့၊ ပဋိသန္ဓေနေတုန်းကလဲ ကိုယ်ကိုယ်တိုင်က မသိခဲ့ရလို့ ရှိပါစေတော့...။ (မှန်ပါ)၊ သေတော့လဲ ကိုယ်ကိုယ်တိုင် **သေတာကို ကိုယ်မသိလို့** ရှိပါစေတော့၊ အလယ် **ပိုင်းမှာဖြင့်** ကိုယ်သိလျက်သားနဲ့ ဆရာကောင်း သမားကောင်း မတွေ့တာနဲ့ သက္ကာယဒိဋ္ဌိမင်းမူနေတဲ့ဥစ္စာဖြင့် ဒီမင်းမှုမှုကို ကျုပ်တို့ ဖြုတ်ကြပေတော့...။ (မှန်လှပါဘုရား)။

မဖြုတ်ရင် ရကို မရဘူး…။ (မှန်ပါ့)၊ ကဲ… ဒကာ ဒကာမတို့ တရားအချီးကောင်းလို့ ဒီလောက် တောင် အဖိုးတန်နေတာလား…၊ ခင်ဗျားတို့ ဖြစ်စဉ် မှာ ဤအတိုင်းပဲလားဆိုတာ မေးကြည့်ပါဦး…။ (ဖြစ် စဉ်ကိုက်ပါဘုရား)၊ ပေါ်ကြပြီလား…။ (မှန်ပါ့ဘုရား)။

ဖြစ်စဉ်မှာ ဤအတိုင်းပါပဲ…။ (မှန်ပါ့)၊ ကိုင်း… ဒါဖြင့် ယခုလိုအခါ ပဋိသန္ဓေကာလဲ နေပြီးခဲ့ကြပါပြီ၊ သေတဲ့ဆီလဲ သွားဆဲရှိပါသေးတယ်…။ (မှန်ပါ့)၊ မရောက်သေးပါဘူး…။ (မရောက်သေးပါဘုရား)။

မရောက်သေးတဲ့အချိန်မှာ ဘာလုပ်မတုံးဆိုတော့ တပည့်တော်တို့ မျက်လုံးပေါက် အလုပ်–လုပ်တယ် ဘုရား…။ (မှန်ပါ့)၊ နားပေါက်က…(အလုပ်–လုပ်ပါ တယ်)၊ နှာခေါင်းပေါက်က…(အလုပ်–လုပ်ပါတယ် ဘုရား)။

လျှာပေါက်က… (အလုပ်–လုပ်ပါတယ်)၊ အင်း…ကိုယ်ပေါက်က… (အလုပ်–လုပ်ပါတယ်)၊ မနောပေါက်က…(အလုပ်–လုပ်ပါတယ်ဘုရား)။

လုပ်တဲ့အလုပ်ဟူသရွေ့ကိုလဲ ဘယ်သူ မင်းမှု တုံး…။ (သက္ကာယဒိဋ္ဌိပါဘုရား)၊ ကိုင်း…ဒါဖြင့် အား လုံး ဒကာ ဒကာမတို့ အရုပ်ဆိုး အကျည်းတန်

ဆိုတဲ့ သက္ကာယဒိဋ္ဌိ အပါယ်တွန်းချမည့် တရားက ကျုပ်တို့ကို မင်းမူနေပြီ…။ (မင်းမူနေပါတယ်ဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ယခုလို သာသနာတွင်းမှာ သူ့ကို ဖယ်ရှားနိုင် ဖယ်ရှားတော့…။ (မှန်ပါ့)၊ သာသနာလဲကုန်ရော တစ်ခါတည်း အကုန် မင်းမူတယ်…။ (မှန်ပါ့)၊ သူချည်း မင်းဖြစ်တော့မယ်…။ (မှန်လှပါဘုရား)။

သာသနာကုန်သွားရင် ဘယ်သူ မင်းအစစ်တုံး ဆိုတာ ရိပ်မိပြီလား…။ (မှန်ပါ့)၊ ဘယ်သူ မင်းမူမယ် ဆိုတာ ထင်ကြ…(သက္ကာယဒိဋ္ဌိပါ)၊ သာသနာတွင်းမှာ ဘုန်းကြီးတို့လို ဆရာတော် သမားတော်တွေ၊ သိကြားလိမ္မာတဲ့ ပုဂ္ဂိုလ်တွေက ရှင်းလင်းပေးတဲ့အခါမှာ သူက နောက်ဆုတ် နောက်ဆုတ်နေတယ်၊ သဘောပါလား…။ (မှန်လှပါဘုရား)။

ဒီအချိန်လွဲသွားလို့ရှိရင် ဒကာကြွယ် စဉ်းစား၊ ဦးမာဒင်၊ ဒကာသစ် စဉ်းစား၊ ဘယ်သူ မင်းမူမတုံး…။ (သက္ကာယဒိဋ္ဌိပါ)၊ ရုပ်နာမ် ပေါ်ပါဦးမလား…။ (မပေါ်ပါ)၊ ဖြစ်ပျက်ကော ပေါ်ပါဦးမလား…။ (မပေါ်ပါ)၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တရော ပေါ်ပါဦးမလာ…။ (မပေါ်ပါဘုရား)

ဟာ…မပေါ်လို့ရှိရင်ဖြင့် ဒကာကြွယ် ဘယ်သူ မင်းမူတုံး…။ (သက္ကာယဒိဋ္ဌိပါ)၊ ကိုင်း…ခင်ဗျားတို့ တဲတဲပဲ မိလိုက်တယ်၊ တဲတဲပင် ကျန်တော့တယ်…။ (မှန်ပါ့)၊ တဲတဲကလေးကို မိအောင်ဖမ်းရင်ဖမ်းပါ၊ မဖမ်း တော့ဘူးဆိုလို့ရှိရင်ဖြင့် ကိုယ်ကျိုး အကြီးအကျယ် နည်းပေါ့ပေါ…။ (မှန်လှပါဘုရား)။

ဒါ…ဝမ်းနည်းအောင်လို့ ပြောတဲ့စကား မဟုတ် ပါဘူး…။ (မှန်ပါ့)၊ အမှန်ကိုသိနေလို့ ကိုယ်ကိုယ်တိုင် ဝေဖန်ကြည့်တော့ ကိုယ့်ပင္စိုသမုပ္ပာဒ် ကိုယ်ကြည့် ပါဆိုတော့ ဒကာ ဒကာမတို့ မြင်တယ်၊ ဒီအဆင်း လေး တစ်ခု၊ ငါ မြင်တာတွေ…။ (မှန်ပါ့ဘုရား)။

ဟော…မြင်တဲ့ စက္ခုဝိညာဏ်စိတ်ကလေး နာမက္ခန္ဓာလေးကို ငါ မထင်ဘူးလားဗျာ…။ (ငါထင် ပါတယ်)၊ လိုချင်တယ်ကွ…၊ တဏှာကို ဘာထင် သတုံး…။ (ငါ ထင်ပါတယ်)၊ မရ မနေနိုင်ဘူးကွ…၊ ဥပါဒါန် ဘာထင်တုံး…။ (ငါ ထင်ပါတယ်ဘုရား)။

မရ ရအောင် အားထုတ်မယ်ကွ၊ ဒီအလုပ်ကို လူလားမြောက်အောင်၊ ဘာထင်တုံး…။ (ငါ ထင်ပါ တယ်)၊ ကံ ငါ ထင်တယ်…။ (ငါထင်ပါတယ် ဘုရား)။

မျက်လုံးပေါက်က တစ်နေ့လုံး ဒီအပေါက်က ချည်း ဖြစ်နေတာဆိုတော့၊ ကြားခဲ့ပြန်ပြီဟော့ဆိုတော့ ဟော...ကြားတာလဲ ငါ ကြားတယ်၊ ငါ ထင်ပြန်ပြီ...။ (မှန်ပါ့)၊ သဘောကျလား...။ (မှန်ပါ့ဘုရား)။

ကြားလို့ မခံချင်ဘူးကွဆိုတော့ ဒေါသကို ဘာ ထင်ပြန်တုံး...။ (ငါ ထင်ပါတယ်)၊ ငါ သောကဖြစ် တယ်ကွလို့ဆိုရင်တော့...(ငါ ထင်ပါတယ်)၊ ငိုသာ ငိုလိုက်ချင်တာပဲဆိုရင်ကော...။ (ငါ ထင်ပါတယ် ဘုရား)။

ကဲ...ဘယ်သူ မင်းမူနေပါတုံး...။ (သက္ကာယ ဒိဋ္ဌိပါဘုရား)၊ ဒါဖြင့် ဒကာကြွယ် ကျုပ်တို့မှာဖြင့် အခက်ကြီးကြုံပေါ့...။ (မှန်လှပါ)၊ တစ်သက်လုံး ဘယ် သူ မင်းမူနေတုံး...။ (သက္ကာယဒိဋ္ဌိပါ)၊ သက္ကာယဒိဋ္ဌိ ဆိုတာ အပါယ်ရေသောက်မြစ်...။ (မှန်လှပါဘုရား)။

ဒကာ ဒကာမတို့ သက္ကာယဒိဋ္ဌိဆိုတာ ဘာပါ လိမ့်...။ (အပါယ်ရေသောက်မြစ်ပါ)၊ အပါယ်ရေ သောက်မြစ် တရားက ကျုပ်တို့အပေါ် မင်းမူနေ တယ်...။ (မှန်ပါ့)၊ ကိုင်း...ဒါဖြင့် အပါယ်လွတ်နိုင် စရာအကြောင်း ရှိသေးရဲ့လား...။ (မရှိပါဘုရား)။

ဒကာကြွယ်...ကဲ...ခင်ဗျားတို့ ကံကောင်းတာ ဘုန်းကြီး ချီးမြှောက်ပြောတာလား၊ တကယ်မှန်တာ လား ဆိုတာလဲ အားလုံးပဲ အကဲခတ်ကြည့်ပါ...။ (တကယ်ကံကောင်းတာပါဘုရား)။

ဒါ...ပြတ်အောင် ပြောနိုင်လို့ရှိရင် ခင်ဗျားတို့ ဘယ်နည်းနဲ့မှ အပါယ်တော့ မကျဘူး...။ (မှန်ပါ့)၊ ကျနိုင်ပါ့မလား...။ (မကျနိုင်ပါ)၊ ဒါ...ရှိနေတဲ့ပုဂ္ဂိုလ် ဘုရားကလဲ လွတ်အောင် မတတ်နိုင်ဘူး...၊ တတ် နိုင်ပါ့မလား...။ (မတတ်နိုင်ပါဘုရား)။

အဲဒီတော့ ဒကာ ဒကာမတို့ အလယပိုင်းမှာ သက္ကာယဒိဋ္ဌိ မင်းမမူဖို့ အရေးကြီးဟာ ကျုပ်တို့ အရေး...။ (မှန်ပါ့)၊ အလယ်ပိုင်းမှာ သက္ကာယဒိဋ္ဌိ မင်းမမူဖို့ အရေးဟာ...(တပည့်တော်တို့အရေးပါ)။

အဲဒီအရေးထက် ကြီးတာဟာ မရှိဘူးလို့ အောက်မေ့ထား...။ (မှန်ပါ့)၊ အလယ်ပိုင်းမှာ သက္ကာယ ဒိဋ္ဌိ မင်းမူနေတာကို နှင်ထုတ်တဲ့အရေးထက်ကြီးတဲ့ အရေးဟာ...(မရှိပါ)၊ ဒါ့ကြောင့် ဘုရားက ရင်ဝလှံ စူး...အဝေးကနေပစ်လိုက်တဲ့အခါ မြန်မြန်ရှောင် သလို...။ (မှန်လှပါဘုရား)။

လုံကြီးနဲ့ ထိုးလိုက်တဲ့ အခါကျတော့ ရောင်နိုင်သရွေ့ အစွမ်းကုန် အမြန်ရောင်ပါ...။ (မှန်ပါ့)၊ အဲဒီ ရောင်တာ နေးချင်နေး သူ့ကို မြန်မြန်လုပ်ပစ်ပါ...။ (မှန်ပါ့)၊ ဆိုတော့ ဘုရားက အရေးအကြီးဆုံး ဒါ...ဥပမာပြတာ...။ (မှန်ပါ့ဘုရား)။

ဦးခေါင်းမီးလောင်နေပါတယ်ဆိုလို့ရှိရင်လဲ ကပျာကယာ မငြိမ်းကြဘူးလား...။ (ငြိမ်းပါတယ်)၊ နေးနေးလား...။ (မြန်မြန်ပါ)၊ ဘာဖြစ်လို့တုံးလို့မေးတော့ကို အရေးကြီးတဲ့အလုပ်ကို၊ အဲဒီ အရေးကြီးတာကို နေးနေးထားချင်ထား၊ သူ မင်းမူနေတာကို မြန်မြန် ဖြုတ်လိုက်...။ (မှန်ပါ့)၊ ရှင်းပြီလား...။ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဘုန်းကြီးက ဒကာ ဒကာမတွေ အရေးကြီး နိုင်းတာလား...၊ ဘုရားက အရေးကြီးနိုင်းတာလား...။(ဘုရားကအရေးကြီးနိုင်းတာပါ)၊ပေါ်ပြီ...။(မှန်ပါ့)၊ ပေါ်ပြီး ဒကာ ဒကာမတို့ နော်...။ (မှန်လှပါဘုရား)။

အဲဒီတော့ကို ဒီအရေးဟာ ဒကာ ဒကာမတို့ ဒွါရခြောက်ပေါက်မှာပေါ်တဲ့ အရေးဟာ ပေါ်တဲ့ခမ္မကို ချော်...တစ်ခါတည်းမြင်တယ်ဆိုရင် မြင်စိတ်ပဲဟ...။ (မှန်လှပါဘုရား)၊ မြင်တဲ့ ခန္ဓာငါးပါး...။ (မှန်ပါ့)၊ သဘောကျပလား...။ (မှန်လှပါဘုရား)။

အင်း…ကြားတယ်ဆို…(ကြားတဲ့ခန္ဓာငါးပါး)၊ စွဲလမ်းတယ်ဆိုရင်…(စွဲလမ်းတဲ့ခန္ဓာငါးပါး)၊ အားထုတ်တယ်ဆိုရင်…(အားထုတ်တဲ့ ခန္ဓာငါးပါးပါဘုရား)။

ဒါလေးဟာ ပေါ်တိုင်း၊ ပေါ်တိုင်း အင်း…ဒါ ခန္ဓာငါးပါး၊ ခန္ဓာငါးပါး၊ ခန္ဓာငါးပါး၊ ဒီလိုမှ မဆိုချင်လို့ ရှိရင်လဲ မြင်စိတ်၊ လိုချင်တဲ့စိတ်၊ ဟုတ်လား…။ (မှန်ပါ့)၊ စွဲလမ်းတဲ့ ဥပါဒါန်…။ (မှန်ပါ့)၊ အားထုတ်တဲ့ ကံ…။ (မှန်လှပါဘုရား)။

ဒါလေး ပေါ်တိုင်း ပေါ်တိုင်း သိပြီးသကာလ နေလို့ရှိရင်ဖြင့်၊ ဒါသည်ကားဆိုရင်ဖြင့် ဒကာ ဒကာမ တို့ မှတ်လိုက်ပါတဲ့ သက္ကာယဒိဋ္ဌိပြုတ်ပြီး သခါရ လောက သိတာ(မှန်ပါ့)၊ သက္ကာယဒိဋ္ဌိက…(ပြုတ် ပါတယ်၊ ဘာသိသွား…(သခါရလောက သိပါတယ် ဘုရား)။

ဪ…ဒါလဲ သခါရ၊ ဒါလဲ သခါရ၊ ဒါလဲ သခါရ၊ သခါရ ဒီကျတော့မှ သခါရလောကသိမှ "သဗ္ဗေသခါရာ အနိစ္စာ"လို့ နောက်ကလိုက်မှာ…။ (မှန်ပါ့)၊ တော်တော်အရေးကြီးတယ်၊ ကဲ…ဒကာ ကြွယ် ပေါ်လာပြီဗျ…။ (မှန်ပါ့ဘုရား)။

အား…ဒီဒကာ ဒကာမတွေ ဘုန်းကြီးက အင်မတန် ကရုဏာရှေ့ထားပြီးသကာလ မသိ သိအောင် ပိဋကသုံးပုံကို မွှေနှောက်ပြီးသကာလ အမျိုးမျိုး ပြောနေတယ်…။ (မှန်ပါ့)၊ ကြည့်စမ်း… သခ်ိရလောကပေါ်အောင် မနည်းပြောယူရတယ်…။ (မှန်ပါ့ဘုရား)။

သခ်ိရလောက မပေါ်လို့ရှိရင် "သဗ္ဗေသခ်ိရာ အနိစ္စ"လို့ ဘုန်းကြီး ဘယ်လိုဟောဟော မရဘူး၊ သခ်ိရ လောက ပေါ်လာတော့မှ သခ်ိရလောကသည် အနိစ္စ ဟော့လို့ ပြီးမှ ဟောရမှာ…။ (မှန်လှပါဘုရား)။

သခ်ိရလောကတည်းဟူသော တရားပေါ်လာမှ ဒိဋ္ဌိက နောက်ဆုတ်မှာ…၊ ရှင်းပြီလား…။ (မှန်ပါ့)။

ဒါ သခ်ိရလောကဆိုတာ သိပြီလား…။ (မှန်ပါ)၊ ဒီဓမ္မလဲ သခ်ိရလောကပဲ…။ (မှန်ပါ့)၊ ဘယ့်နှယ် ကြောင့် သခ်ိရလောကဆိုရတာတုံးဆိုတော့ မြင်တဲ့ အာရုံကြောင့် သခ်ိရလောက… (မှန်ပါ့ဘုရား)။

အာရုပြုပြင်လို့ ပေါ်လာသောကြောင့် မြင်စိတ် ကလေး ဘယ့်နှယ်ဆိုကြ…(သခ်ိရလောကပါ)၊ မြင်စိတ်ကလေးက မြင်စိတ်ချုပ်သွားပြီး လိုချင်တဲ့ စိတ်ကို ကျေးဇူးပြုခဲ့တယ်၊ အဲဒါကြောင့် မြင်တဲ့စိတ်က

ဖြူပြင်လို့ ပေါ်လာခြင်းကြောင့် သူ့လဲ ဘယ်နှယ်ခေါ်ကြ...(သင်္ခါရလောကပါဘုရား)။

ဒီတဏှာကလဲ သူ ဖြစ်ပျက်ဆိုပြီး ချုပ်သွားပြီ သကာလ ဥပါဒါန်ကို အစားထိုးထားခဲ့တယ်...။ (မှန်ပါ့)၊ ဒါဖြင့် တဏှာ ပြုပြင်လို့ ပေါ်လာတဲ့တရား...။ (မှန်ပါ့)၊ ဒါဖြင့်...သူ ဘာလောက...(သင်္ခါရလောက ပါဘုရား)။

အဲ...သူများပြုပြင်လို့ ပေါ်လာတဲ့သင်္ခါရလောက ကို ရှေးဦးစွာ သိရတယ်...။ (မှန်ပါ့)၊ ထိုကဲ့သို့ သိတော့မှ သက္ကာယဒိဋ္ဌိက နည်းနည်းရှောင်တယ်...။ (မှန်ပါ့)၊ ငါလဲ မဟုတ်ပါလား...၊ ငါလုပ်ထားတာလဲ မဟုတ်ပါလား....။ (မှန်လှပါဘုရား)။

ငါလဲ ဟုတ်လား...။ (မဟုတ်ပါဘုရား)၊ ငါ လုပ်ထားတာလဲ ...။ (မဟုတ်ပါဘုရား)။

ဒီ ကြည့်လေ...၊ ငါလဲ မဟုတ်ဘူးဆိုတော့ ဒါက မြင်စိတ်...။ (မှန်ပါ့)၊ ငါ လုပ်ထားတာလဲ မဟုတ်ဘူးဆိုတော့ အာရုံဒွါရက လုပ်ထားတာ...။ (မှန်ပါ့)၊ ဒါကြောင့် ဒကာ ဒကာမတို့ သင်္ခါရ လောက ကို ရှင်းအောင် ပြောရဦးမယ်...။ (ဟောင်ပါဘုရား)။

သင်္ခါရလောကကို ရှင်းအောင်ပြောပြီးတော့မှ

သဗ္ဗေသင်္ခါရာ အနိစ္စလို့ ဘုန်းကြီး ဟောနိုင်မှာ…။ (မှန်ပါ့)၊ သင်္ခါရလောကကို ဒကာ ဒကာမတွေက မရှင်းသေးဘူးဆိုလို့ရှိရင် အနိစ္စမဟောနိုင်ဘူး…။ (မှန်ပါ့)၊ ကဲ…ဒကာ ဒကာမတွေ ဘယ်လောက် အဖိုးတန်တယ်ဆိုတာ သိပြီလား…။ (သိပါပြီဘုရား)။

အနိစ္စ…မင်းတို့ **အနိစ္စရှုပြီးတာပဲကွဆိုပြီးသကာ** လ ဘယ်လိုပဲ ပြောကြ–ပြောကြ၊ ဩော်…ဒါ တစ် မျိုးပဲ မှတ်ရမယ်…။ (မှန်ပါ့)၊ သင်္ခါရမှ မသိရင် အနိစ္စကို…(မသိပါ)၊ ဘုရားက ဘယ့်နှယ်ဟောတုံး…၊ သဗ္ဗေသင်္ခါရာ…(အနိစ္စပါဘုရား)။

သဗ္ဗေသင်္ခါရာ…(ဒုက္ခပါ)၊ သဗ္ဗေဓမ္မာ…(အနတ္တ ပါ)၊ ဟော…ဒီသင်္ခါရသိမှ အနိစ္စသိမှာ…။ (မှန်ပါ့)၊ သင်္ခါရသိမှ…(ဒုက္ခသိမှာပါ)၊ သင်္ခါရသိမှ… (အနတ္တ သိမှာပါဘုရား)။

**ကိုင်း…**အဲဒီထင်ရှားပြီ…(မှန်ပါ့)၊ ဒါဖြင့် သင်္ခါရမှ **မသိလို့ရှိရင်** ပေါ်တာလဲ သိပါဦးမလား…။ (မသိပါ ဘုရား)၊ **ဟာ…**(ပေါ်တာမှ မသိလို့ရှိရင် နင် ပျက်တဲ့ အနိစ္စ သိဖို့ ဝေးပါသေးတယ်…၊ ဟောဒီမှာ အခြေ ပါလာတယ်…၊ နောက်က ဒကာ ဒကာမတွေ ရှင်းကြ ရဲ့လား…။ (ရှင်းပါတယ်ဘုရား)။

ဒကာသစ် သေသေချာချာ ဒကာ ဒကာမတွေ အခြေအမြစ်နှင့်တကွ ပေးချင်တော့ကို ဥပမာ မလွယ်ဘူးနော်…၊ လွယ်ပါ့မလား…။ (မလွယ်ပါ)၊ အို… မင်းခန္ဓာကြီးဟာ အနိစ္စပဲကွာ၊ အဲ့ဒါ ရှုနေရုံပေါ့ ဆိုရုံနဲ့တော့ ဝေးပါသေးတယ်…။ (မှန်ပါ့)၊ ဝေးပါသေးတယ် ဒကာ ဒကာမတို့၊ ဖြစ်ကိုမဖြစ်ဘူး အောက်မေ့ပါ…၊ ရကို မရနိုင်ဘူး အောက်မေ့ပါ…။ (မှန်လှပါဘုရား)၊ သက္ကာယဒိဋ္ဌိက ဖြုံကိုမဖြုံဘူး…။ (မှန်လှပါဘုရား)။

သခါရဖြစ်လာမှ ဩော်…ငါလဲ မဟုတ်ဘူး၊ ငါလုပ်ထားတာလဲ မဟုတ်ဘူး၊ သဘောကျလား…။ (မှန်ပါ့)၊ ကဲ…ဒါဖြင့် ဒါက အဆင်းလေးတစ်ခု၊ ကဲ… မြင်ပြီ ဒကာ ဒကာမတို့၊ မသေခင်–မသေခင်… (မှန်လှပါ)၊ ဒါ မြင်တာသည် မြင်စိတ်ပေါ့ဗျ…။ (မှန်ပါ့)၊ မြင်ခန္ဓာပေါ့…။ (မှန်ပါ့)၊ ပုဂ္ဂိုလ် သတ္တဝါ ဟုတ်ပါရဲ့လား…။ (မဟုတ်ပါဘုရား)။

ဘာပါတုံးဗျာ…။ (မြင်ခန္ဓာပါ)၊ မြင်ခန္ဓာပဲ…။ (မှန်ပါ့)၊ သဘောကျလား…။ (ကျပါတယ်)၊ ကဲ… ဒါလေးက ဖြတ်ဆို ချုပ်သွားပြီးသကာလ၊ မြင်ပြီးသကာလ လိုချင်တာလေး အစားထိုးထားခဲ့တယ်၊

အင်း…လိုချင်တာလေး အစားထိုးထားတော့ လိုချင်တဲ့သဘောလေးက အလိုလိုပေါ်လာတာလား၊ မြင်တတ်တဲ့ ဓမ္မက အစားထိုးခဲ့တာလား…။ (မြင်တတ်တဲ့ ဓမ္မက အစားထိုးထားခဲ့တာပါဘုရား)။

ဒါဖြင့် သူမျှားပြုပြင်လို့ ပေါ်လာတဲ့ သင်္ခါရတရား…၊ သဘောကျလား…။ (မှန်ပါ)၊ ကဲ…ဒီသင်္ခါရကလဲ ချုပ်ပျောက်ပျက်စီးသွားပြန်တော့ ဒကာဒကာမတို့ စွဲလမ်းတဲ့ ဥပါဒါန် အစားထိုးထားခဲ့တယ်၊ စွဲလမ်းတဲ့ ဥပါဒါန် အစားထိုးထားတော့ သူ့ဘာတရားခေါ်ကြ…(သင်္ခါရတရားပါဘုရား)။

ကဲ…ဒကာသစ် နေရာကျပြီ…။ (မှန်ပါ)၊ ပုဂ္ဂိုလ်သတ္တဝါ လုံးဝမပါဘူး၊ သင်္ခါရတရားတွေကွ…။ (မှန်ပါ)၊ ဘာတရားတွေလဲ…။ (သင်္ခါရတရားတွေပါ)၊ တရားနာလုံးသွင်းကြ ဒကာ ဒကာမတို့၊ ဥပါဒါန်လေး အစားထိုးထားခဲ့တယ်…။ (မှန်ပါဘုရား)။

တဏှာက အစားထိုးထားခဲ့တယ်…။ (မှန်ပါ)၊ ဒါ…ဘာတရားပါလိမ့်…။ (သင်္ခါရတရားပါ)၊ ဩော်…ဒါဖြင့် အနိစ္စဝတသင်္ခါရာ…။ (မှန်ပါဘုရား)။

ဝတကေန္တေ န=စင်စစ်အားဖြင့်၊ သင်္ခါရာ=သင်္ခါရတရားတို့သည်ဆိုတော့ ဩော်…သူလေးဆိုတာ ပေါ်

လာပြီ...။ (မှန်ပါ)၊ ပြီးတော့မှ အနိစ္စာ=ဖြစ်ပြီး ပျက် ကုန်၏ဆိုတော့ သင်္ခါရသိမှ အနိစ္စသိမယ်...။ (မှန်လှ ပါဘုရား)။

သင်္ခါရမသိရင်...(အနိစ္စမသိပါ)၊ ခင်ဗျားတို့က လူသေရင်ဖြင့် ဩော်...သင်္ခါရတွေပဲ၊ ရမ်းပြောနေ တယ်...။ (မှန်ပါ)၊ လူသေလို့ရှိရင် ဘာတဲ့...။ (သင်္ခါရ ပါ)၊ ဘယ်သူ အနိစ္စရောက်သတဲ့၊ ဘယ်သူ အနိစ္စ ရောက်သတဲ့ ဩော်...သင်္ခါရဆိုတာ ဒီလိုပဲ...။ (မှန်ပါ ဘုရား)။

ဖြစ်ပြန် ပျက်ပြန် လောကခံပေါ့လေ...၊ သဘင် သည်ပြော ပြောနေတယ်...။ (မှန်ပါ)၊ ဘာမှ အဓိပ္ပာယ် မပါဘူး၊ ရိုပ်မိပြီလား...။ (မှန်ပါ)၊ ခင်ဗျားတို့က သဘင် သည်ပြော ပြောနေတယ်၊ ဘာမှ ကိုယ့်ခန္ဓာကြည့် ပြောတာလားလို့ မေးပြန်တော့လဲ...(မဟုတ်ပါဘုရား)။

သူများခန္ဓာ အမှန်သိလို့ ကြည့်ပြောတာလား လို့ မေးပြန်တော့လဲ...(မဟုတ်ပါ)၊ မဟုတ်ပါဘူးဗျ၊ ကလေးတွေလိုပါ၊ ဟုတ်လား...၊ ဓာတ်ရှင်က ဒီအသံ ပြောရင် သူတို့လဲ ဒီအသံပြောတာပဲ...။ (မှန်ပါ)၊ ဓာတ်ရှင်က စစ်တိုက်တာပြလို့ရှိရင် သူတို့အပြင်ဘက် ထွက် စစ်တိုက်တာပဲ...။ (မှန်ပါဘုရား)။

ခင်ဗျားတို့က ဒီမှာ လမ်းဆုံးနေတာ...။ (မှန်ပါ)၊ ဘာမှ အဓိပ္ပာယ်မရှိဘူး၊ သဘောပါလား...။ (မှန်ပါ)၊ တကယ့် ကလေးတွေပဲ ရှိသေးတယ်ဆိုတော့ ဒကာ သစ်က မခံချင်ရင်လဲ ရှိချင်ရှိမယ်...။ (မှန်ပါ)၊ အဘိ ဓမ္မာနဲ့ကျတော့ ဒီအတိုင်းပါပဲ...။ (မှန်ပါဘုရား)။

ကဲ...ဒါဖြင့် ဒကာ ဒကာမတို့ ဥပါဒါန်ချုပ်သွား တော့ ဘာအစားထိုးခဲ့လဲ...။ (ကံ အစားထိုးခဲ့ပါတယ်)၊ ကံဟာ ဘာဖြစ်လဲ...။ (သင်္ခါရတရားပါ)၊ ဒါ့ကြောင့် ကံသင်္ခါရလို့ပြောတယ်၊ ရှင်းပြီလား...။ (မှန်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့သန္တာန်မှာ ပေါ်လေသရွေ့၊ ဒွါရခြောက်ပေါက်က ပေါ်လေသရွေ့ ပဋိစ္စသမုပ္ပာဒ် ဟူသရွေ့၊ ပေါ်တဲ့ ပဋိစ္စသမုပ္ပာဒ်ဟူသရွေ့ ဘာတရား ခေါ်ကြလဲ...။ (သင်္ခါရတရားပါဘုရား)။

အင်း...သင်္ခါရတရားသီလို့ရှိရင်ဖြင့်...တဲ့၊ ဒကာ ဒကာမတို့ သက္ကာယဒိဋ္ဌိပြုတ်ပါပြီ၊ ဩော်...သင်္ခါရသာ ရှိတယ်၊ ပုဂ္ဂိုလ်သတ္တဝါ မရှိဘူး...။ (မှန်ပါ)၊ ပေါ်ပြီ လား...။ (မှန်ပါ)၊ ဘာတွေရှိတာလဲ...။ (သင်္ခါရပါ ဘုရား)။

ပုဂ္ဂိုလ်သတ္တဝါ...(မရှိပါ)၊ ပေါ်လာပြီ...။ (မှန်ပါ)၊ ပေါ်လာပြီ...ပေါ်လာပြီ...၊ ဒကာကြွယ် နေရာကျလာ

ပြီ...။ (မှန်ပါ့)၊ ဘာတွေသာရှိလဲ...။ (သင်္ခါရပါ)၊ ကိုင်း...ယခုလို ပဝတ္တိအခါ ခင်ဗျားတို့ လူလား မြောက်တဲ့အချိန်မှာ ခင်ဗျားတို့သန္တာန်ပေါ်လာသရွေ့ ဘာတရားတွေလဲ...။ (သင်္ခါရတရားတွေပါဘုရား)။

စားချင်တဲ့စိတ်ပေါ်တယ်...။ (သင်္ခါရတရားပါ)၊ အိပ်ချင်တဲ့စိတ်ပေါ်တယ်...။ (သင်္ခါရတရားပါ)၊ ပြောချင်တဲ့စိတ်ပေါ်တယ်...။ (သင်္ခါရတရားပါ)၊ ပေါ်ချင်တာပေါ် ဘာပါလိမ့်...။ (သင်္ခါရတရားပါ)၊ ရုပ်ပေါ်လဲ သင်္ခါရ၊ နာမ်ပေါ်လဲ သင်္ခါရဆိုတော့ သဘောကျလား...။ (ကျပါတယ်ဘုရား)။

ဘာဒိဋ္ဌိပြုတ်သွားလဲ...။ (သက္ကာယဒိဋ္ဌိပါ)၊ ဒကာ ဒကာမတို့ ငရဲမျိုးစေ့လေးပြုတ်အောင် မနည်းသယ်ရပါလား...၊ ရှင်းပြီလား...။ (မှန်ပါ့)၊ ငရဲမျိုးစေ့လေး ဘယ့်နှယ်နေတုံး...။ (ပြုတ်ပါပြီဘုရား)၊ တော်တော် ပြုတ်သွားပြီတဲ့၊ စင်လုံးချော မပြုတ်သေးပါဘူး...။ (မပြုတ်သေးပါဘုရား)။

စင်းလုံးချော မပြုတ်သေးပါဘူး၊ သင်္ခါရသိတဲ့ ဉာဏ်လေး ရသေးတယ်၊ သဘောပါကြလား...။ (မှန်ပါ့)၊ ဘာသိတဲ့ ဉာဏ်ရ...(သင်္ခါရသိတဲ့ဉာဏ် ရပါတယ်)၊ သင်္ခါရဆိုတာ မှတ်လိုက်စမ်းပါ ဒကာ

ဒကာမတို့၊ သူများက အစားထိုးလို့၊ သူများက မင်းဖြစ်တော့ဆိုလို့၊ အစားထိုးလို့ ဖြစ်ပေါ်လာရတဲ့ တရား၊ သင်္ခါရ...(မှန်ပါ့)၊ သဘောကျလား...။ (မှန်လှ ပါဘုရား)။

ကိုင်း...ဒါဖြင့် ခင်ဗျားတို့သည် ခင်ဗျားတို့ သန္တာန် ပေါ်နေသရွေ့ ဘာတရားခေါ်ကြ...(သင်္ခါရ တရားပါ)၊ ကဲ...ယောကျ်ားမိန်းမ ငါ သူတစ်ပါး..., (ရှိပါဘုရား)၊ ဟော...ဒကာ ဦးမာဒင် ဘာသိလို့ ပုဂ္ဂိုလ်သတ္တဝါပျောက်ပါလိမ့်ဗျာ...။ (သင်္ခါရသိလို့ပါ ဘုရား)။

သင်္ခါရသိလို့ ပျောက်သွားတာ...။ (မှန်ပါ့)၊ ဒါဖြင့် သင်္ခါရသိအောင်ကို မနည်းပြောရပါတယ်၊ သင်္ခါရ သိအောင် တစ်ပေါက် တစ်ပေါက်၏ ပဋိစ္စသမုပ္ပာဒ် ဖြစ်စဉ်ကို မသိရင်လဲ သင်္ခါရက...မသိနိုင်ပါဘူးတဲ့...။ (မှန်လှပါဘုရား)။

ဒါဖြင့် ပဝတ္တိအခါမှာ ဖြစ်နေသရွေ့၊ ယခုလို အခါမှာ ဖြစ်နေတဲ့ တရားတွေ ကိုယ့်သန္တာန် ဘာပဲ ပေါ်လာ ပေါ်လာ၊ ဘာဆိုကြမလဲ...။ (သင်္ခါရတရား ပါ)၊ ပုဂ္ဂိုလ်သတ္တဝါ ပါသေးလား...။ (မပါ–ပါ)၊ မပြော

ရဘူးလို့ မဆိုပါဘူး၊ ပေါ်တာတော့ဖြင့် သခ်ါရလို့ သိထားပါ၊ ရှင်းပြီနော်…။ (ရှင်းပါပြီဘုရား)။

ကောင်းပြီ…ဒါဖြင့် သင်္ခါရတရားတွေ သိသွားပြီနော်…။ (မှန်ပါ့)၊ ပုဂ္ဂိုလ်သတ္တဝါ စင်ပြီလား…။ (စင်ပါတယ်)။

ဒီ့ထက်စင်အောင် ဘုရားက တစ်ခါလာပြန်တော့ ဒကာ ဒကာမတို့ ဒါလေးက အဆင်းလေးပေါ့ဗျာ…။ (မှန်ပါ့)၊ အဆင်းလေးကြောင့် အဆင်းနဲ့ ရူပါရုံ တိုက်ဘာနဲ့ ဒကာ ဒကာမတို့ မြင်စိတ်ကလေး မပေါ်ဘူးလား…။ (ပေါ်ပါတယ်ဘုရား)။

ဩော်…ဒီသင်္ခါရတရားလေး၊ ပေါ်လာတဲ့ဘရားလေး ဘာခေါ်ကြလဲ…။ (သင်္ခါရတရားပါ)၊ သင်္ခါရတရားသည် ဒကာ ဒကာမ တို့ သူ့သက်တမ်းက နေလို့ကို မဖြစ်လို့ ချုပ်သွား တယ်၊ ချုပ်သွားတဲ့ အခါကျတော့ဩော်…သင်္ခါရတရားဘယ်များ လမ်းဆုံးပါလိမ့်…။(အပျက်မှာ လမ်းဆုံး ပါတယ်ဘုရား)။

ဩော်…ဒါဖြင့် သင်္ခါရာ အနိစ္စ…။ (မှန်ပါ့)၊ ပေါ်ပြီ…။ (မှန်ပါ့)၊ သဗ္ဗေသင်္ခါရာ…(အနိစ္စပါ)၊ သဗ္ဗေ ဆိုတာ အများကိုထည့်ပြောတာ…။ (မှန်ပါ့)၊ ဒီလဲ ဒီတစ်ခုတည်းလဲ အတူတူပဲ…။ (မှန်လှပါဘုရား)။

သင်္ခါရာ…(အနိစ္စပါ)၊ ဩော်…သင်္ခါရတရားဟာ အနိစ္စလမ်းဆုံးတယ်…။ (မှန်ပါ့)၊သင်္ခါရတရားဟာ…(အနိစ္စလမ်းဆုံးပါတယ်ဘုရား)။

ကောင်းပြီ…ဒါဖြင့် ဒီနှစ်ချက်သိပေါ့…။ (မှန်ပါ့ဘုရား)။

အရင်တုန်းကတော့ ပေါ်တာ သင်္ခါရ…။ (မှန်ပါ့ဘုရား)၊ အခုတော့ ပျက်တာက အနိစ္စ…။ (မှန်ပါ့ဘုရား)။

ပေါ်တာက…(သင်္ခါရပါ)၊ ပျက်တာက…(အနိစ္စပါဘုရား)၊ ကောင်းပြီတဲ့၊ ဒီလိုသိသွားတော့ ပေါ်တာ သင်္ခါရ သိပြန်တော့လဲ ဒကာ ဒကာမတို့တဲ့၊ သက္ကာယဒိဋ္ဌိစင်ပါတယ်…။ (မှန်လှပါဘုရား)။

အနိစ္စ သိလိုက်ပြန်တော့လဲ သဿတဒိဋ္ဌိစင်ပါတယ်…။(မှန်ပါ့ဘုရား)၊ နှစ်ချက်စင်…(မှန်ပါ့)၊ သင်္ခါရသိတော့ ဘာစင်တုံး…။ (သက္ကာယဒိဋ္ဌိစင်ပါတယ်)၊ သင်္ခါရလေး ချုပ်သွားတာမြင်လိုက်တော့…(သဿတဒိဋ္ဌိစင်ပါတယ်ဘုရား)။

သဿတဒိဋ္ဌိစင်တယ်…၊ ကြည့်စမ်း…ဒကာကြွယ်၊ ဘယ်လောက် အဖိုးတန်တုံး…။ (မှန်ပါ့)၊ အင်မတန်အရေးကြီးတဲ့တရားဆိုတာ ပေါ်လာကြပြီ

လား…။ (မှန်ပါ့)၊ ဒါဖြင့် ဒီတရားလေးဟာ ချုပ်သွား ပြန်တယ်၊ ချုပ်သွားပြီး ဒီတရားလေးက အစားထိုးလာ တော့ ပေါ်မလာဘူးလား…။ (ပေါ်လာပါတယ်ဘုရား)။

ပေါ်လာတော့ ဒီတရား ဘာခေါ်ကြ…(သင်္ခါရ ဘုရားပါဘုရား)၊ သင်္ခါရတရားလေးပဲ၊ အလိုလိုပေါ် လာတာလား…ဒကာ ဒကာမတို့၊ သူများ ပြုပြင်လို့ လား…။ (သူများပြုပြင်လို့ပါ)၊ ဒီလို သူများပြုပြင်လို့ ပေါ်တဲ့ သင်္ခါရလို့ သိလိုက်ပြန်တော့ ဥစ္ဆေဒဒိဋ္ဌိကလဲ လွတ်ပြန်တယ်…။ (မှန်လှပါဘုရား)။

ပြုပြင်တဲ့တရားကြောင့် ပေါ်တာ…။ (မှန်ပါ့)၊ ပြတ်သွားသလား…၊ နောက်ထပ် အစားထိုးလာ သလား…။ (အစားထိုးပါတယ်)၊ ဒါဖြင့် အရင်ဓမ္မ ချုပ်ပြီး နောက် ဓမ္မပေါ်တယ်ဆိုတာ မသေချာဘူး လား…။ (သေချာပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ ပေါ်တဲ့သင်္ခါရ ကို သိလိုက်ပြန်ရင်လဲ ဥစ္ဆေဒဒိဋ္ဌိနှင့် သက္ကာယဒိဋ္ဌိ လွတ်တယ်…၊ ရှင်းပြီလား…။ (မှန်ပါ့)၊ ပေါ်တဲ့ သင်္ခါရ နဲ့ ဒကာ ဒကာမတို့ သူ့ကို အမှန်အကန်သိလိုက်ရင် ဘာတွဲတုံး…။ (ဥစ္ဆေဒဒိဋ္ဌိနှင့် သက္ကာယဒိဋ္ဌိလွတ်ပါတယ် ဘုရား)။

ဥစ္စေအဒိဋ္ဌိနှင့်…(သက္ကာယဒိဋ္ဌိလွတ်ပါတယ်)၊ ၎င်း သခါရတရားလေးက ဖြစ်ပြီး ပျက်သွားပြန်ပြီ ဦးမာ ခင်ရဲ၊ ဘာဆိုကြမတုံး…။ (သဿတဒိဋ္ဌိစင်ပါတယ်)၊ အနိစ္စ မြင်လိုက်တယ်၊ အနိစ္စမြင်လိုက်တဲ့အတွက် ဘာဖြစ်တုံး…။ (သဿတဒိဋ္ဌိစင်ပါတယ်)၊ ရှင်းပြီ လား…။ (မှန်လှပါဘုရား)။

အနိစ္စမြင်လိုက်တဲ့အတွက် သဿတဒိဋ္ဌိစင် တယ်…။ (မှန်ပါ)၊ ဪ…ဒါဖြင့် အလယ်ပိုင်းမှာ ဆရာဘုန်းကြီး ဒိဋ္ဌိသုံးမျိုး ရှင်းပေးပါတယ်…။ (မှန်ပါ)၊ ပေါ်ပြီလား…။ (မှန်လှပါဘုရား)။

အလယ်ပိုင်းမှာ ဘာရှင်းပေးပါလိမ့်…။ (ဒိဋ္ဌိ သုံးမျိုးပါဘုရား)၊ ကိုင်း…တစ်ခါ တဏှာလေးက ချုပ်သွားတယ်၊ ဒကာ ဒကာမတို့နော်…။ (မှန်ပါ)၊ အနိစ္စမြင်ကြပလား…။ (မှန်ပါ)၊ သူသည် တဏှာ ပစ္စယာ ဥပါဒါန်ဆို ပဋိစ္စသမုပ္ပါဒ် အစားထိုးတယ်…။ (မှန်လှပါဘုရား)။

သခါရတရားလေး ပေါ်ပြန်တယ်…။ (မှန်ပါ)၊ မပေါ်ဘူးလား…။ (ပေါ်ပါတယ်)၊ ပေါ်တော့ ဪ… ဒါ ဥပါဒါန်သက်သက်ပဲလို့ မသိဘူးလား…။ (သိပါ

တယ်)၊ ဥပါဒါန်သက်သက်ပဲလို့ သိလိုက်တော့ သက္ကာယဒိဋ္ဌိမစင်လား...။ (စင်ပါတယ်ဘုရား)။

သို့သော် သူ့အလိုလို ပေါ်တာလား၊ ဒကာ ဒကာမတို့ ရှေးအကြောင်းကြောင့် ပေါ်တာလား...။ (ရှေးအကြောင်းကြောင့် ပေါ်တာပါ)၊ ရှေးအကြောင်း ကြောင့် ပေါ်တာ သိလိုက်ရင် ဥစ္ဆေဒဒိဋ္ဌိစင်တယ်...၊ ပေါ်ပြီလား...။ (မှန်လှပါဘုရား)။

သူ့နာမည်သိလိုက်လို့ရှိရင် သက္ကာယဒိဋ္ဌိစင်ပါ တယ်...။ (မှန်ပါ)၊ ရှေးအကြောင်းကြောင့်ပေါ်တာ သိပြန်တော့...(ဥစ္ဆေဒဒိစင်ပါတယ်)၊ ကဲ...တရားလေးပဲ ဒကာ ဒကာမတို့ သေသေချာချာကြည့်ပါ၊ ဖြတ်ဆို သက်တမ်းစေ့တော့ ပျက်သွားတယ်၊ ပျက်သွားတော့ အနိစ္စရောက်မသွားဘူးလား...။ (အနိစ္စရောက်ပါတယ် ဘုရား)။

ဘယ်ဒိဋ္ဌိစင်တုံး...။ (သဿတဒိဋ္ဌိစင်ပါတယ်)၊ ကိုင်း...ဒကာကြွယ် သေပျော်ပြီ၊ ဒိဋ္ဌိသုံးမျိုး တစ်ခါ တည်း သတ်ပြတယ်...။ **(မှန်လှပါ)**၊ ဒိဋ္ဌိသုံးမျိုး တစ်ခါ တည်း သတ်ပြတာ ဒကာ ဒကာမတွေ သဘောကျ ကြရဲ့လား...။ (သဘောကျပါတယ်ဘုရား)။

မကျသေးလို့ရှိရင် သြော်...ငါ ငရဲမျိုးစေ့ မပြတ်သေးဘူးမှတ်...။ (မှန်ပါ)၊ မကျသေးလို့ရှိရင်... (ငရဲမျိုးစေ့ မပြတ်သေးပါ)၊ တော်တော်အရေးကြီးတဲ့ တရားဆိုတာ အသေအချာမှတ်ပါ။

ဆင်းရဲကင်းကွာတွေ ဘာတွေနဲ့ ခင်ဗျားတို့ရတာတွေ လျှောက်ရွတ်နေလို့တော့ မလွတ်ဘူး...။ (မှန်ပါ)၊ ရှင်းပြီလား...။ (မှန်ပါဘုရား)၊ ဒီသုံးချက်ကိုရှင်းနေမှ...။ (မှန်ပါဘုရား)။

ကဲ...ဒါဖြင့် ဥပါဒါန်ချုပ်သွားပြီး ဒကာ ဒကာမတို့၊ ဒီနေရာ ဘယ်သူအစားထိုးတုံး...။ (ကံ အစားထိုးပါတယ်)၊ ကံအစားမထိုးဘူးလား...။ (မှန်လှပါဘုရား)၊ ကဲ...ကံအစားထိုးတဲ့အတွက် သူ့ဘာတရားခေါ်ကြ...(သင်္ခါရတရားခေါ်ပါတယ် ဘုရား)။

ကဲ...ကံသင်္ခါရတရားဆိုတာ သိတယ်၊ သိတဲ့အတွက် ဘာဒိဋ္ဌိစင်တုံး...။ (သက္ကာယဒိဋ္ဌိစင်ပါတယ်)၊ သက္ကာယဒိဋ္ဌိစင်သွားပြီ၊ သို့သော် သူ အကြောင်းကင်း ပေါ်တာလား၊ ရှေးဥပါဒါန်၏ စွမ်းရည်သတ္တိပါသေးလား...။ (ရှေးစွမ်းရည်ပါ-ပါတယ်)၊ ပါတာသိလိုက်သဖြင့် ဘယ်ဒိဋ္ဌိစင်...(ဉစ္ဆေဒဒိဋ္ဌိစင်ပါတယ် ဘုရား)။

ကဲ... ဒကာသစ် သေပျော်ပြီ အောက်မေ့တော့...၊ သေပျော်ပြီ...။ (မှန်ပါ့)၊ ကြည့်ရင်းမတ်တတ်နဲ့ ဦးမာဒင်တို့ ဒကာကြွယ်တို့ ချုပ်သွားပြီ...။ (မှန်ပါ့)၊ အနိစ္စ မတွေ့လိုက်ဘူးလား...။ (တွေ့လိုက်ပါတယ်)၊ ဘယ်သူ စင်တုံး...။ (သဿတဒိဋ္ဌိစင်ပါတယ်ဘုရား)။

ကဲ...တစ်လုံးတည်းမှာ သုံးခုစင်တယ်...။ (မှန်ပါ့)၊ တစ်လုံးတည်းမှာ...(သုံးခုစင်ပါတယ်)၊ ဖြစ်ပေါ်တာ မြင်လို့ရှိရင် သက္ကာယဒိဋ္ဌိစင်တယ်...။ (မှန်ပါ့)၊ သူဟာ အကြောင်းမကောင်းဘူးလို့သိရင်... (ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ်)၊ ပျက်တာကို မြင်လိုက်ရင်... (သဿတဒိဋ္ဌိစင်ပါတယ်ဘုရား)။

တစ်လုံးဘယ်လောက် အရေးကြီး...။ (အရေးကြီးပါတယ်)၊ ဒီတစ်လုံးဟာ အင်မတန်အရေးကြီးပါတယ်...။ (မှန်ပါ့)၊ ဒိဋ္ဌိသုံးမျိုးစင်ပါတယ်...။ (မှန်လှပါ)၊ ဒီကာ ဒကာမတို့ ဘယ်နှမျိုးစင်ပါသတုံး...။ (ဒိဋ္ဌိသုံးမျိုးစင်ပါတယ်ဘုရား)။

ဒီ...ဒိဋ္ဌိသုံးမျိုးသာ ကင်းလို့ရှိရင်ဖြင့် ဒကာသစ်တို့၊ ဒကာကြွယ်တို့၊ ဦးလှဘူးတို့ ဘယ်မှာ အပါယ်သွားတဲ့ ပုဂ္ဂိုလ်ရှိမတုံး...။ (မရှိပါဘုရား)။

စတူဟာ ပါယေဟိစ ဝိပ္ပမုတ္တော... (မှန်ပါ)၊ စတူဟာပါယေဟိ=စတူဟိ=လေးပါးကုန်သော။ အပါယေဟိစ=အပါယ်ဆိုးမှလည်း။ ဝိပ္ပမုတ္တော=လွတ်၏...။ (မှန်လှပါဘုရား)။

ဘာ့ကြောင့် လွတ်သတုံးဆိုတော့ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာဆိုတဲ့ ဒိဋ္ဌိပြုတ်လို့...လို့ ဘုရားက ပရိတ်ကြီးမှာ အသေအချာ ဟောတယ်...။ (မှန်လှပါ)၊ မဟောပေဘူးလား...။ (ဟောပါတယ်)၊ ဘာပြုလို့တုံး...။ (ဒိဋ္ဌိပြုတ်လို့ပါဘုရား)။

အဲဒါ ဟိုက ဝိစိကိစ္ဆာပါလည်တယ်...၊ဒိဋ္ဌိပြုတ်ရင် ဝိစိကိစ္ဆာပြုတ်ပါတယ်...။ (မှန်လှပါ)၊ ဒိဋ္ဌိပြုတ်ရင်... (ဝိစိကိစ္ဆာပြုတ်ပါတယ်)၊ အဲဒီတော့ ခင်ဗျားတို့ ဒီနေ့ နာရတဲ့တရား ဒကာသစ်ရေ...ဒိဋ္ဌိဘယ်နှမျိုး ပြုတ်တုံး...။ (သုံးမျိုးပြုတ်ပါတယ်ဘုရား)။

ဒါဟာ အခု နည်းပေးတဲ့ အပြုတ်ရှိသေးတယ်၊ ခင်ဗျားတို့ အလုပ်–လုပ်ကြည့်ရင်ဖြင့် တကယ် ဝမ်းထဲမှာရှိတာ ပြုတ်ပါလိမ့်မယ်...။ (မှန်ပါ)။

အခု ဆရာဘုန်းကြီး ဟောနေတာ ဘာတုံး...။

(နည်းပေးတာပါ)၊ နည်းပေးတဲ့အပြုတ်ရှိသေးတယ်...၊ ခင်ဗျားတို့အလုပ်နဲ့ပြုတ်မှ သေချာမယ်...။ (မှန်ပါ့)။

နည်းပေးတဲ့ အပြုတ်ကတော့ဖြင့်တဲ့ ဒကာ ဒကာမတို့တဲ့၊ ဆရာကောင်းလို့သာ မှတ်ပေတော့...။ (မှန်လှပါ)၊ အလုပ်နဲ့ပြုတ်လို့ရှိရင်ဖြင့် မိမိဝဋ် မိမိချုတ်တဲ့ ပုဂ္ဂိုလ်ပဲလို့မှတ်...။ (မှန်ပါ့)၊ အလုပ်နဲ့ပြုတ်ရင်...(မိမိ ကိုယ် မိမိချုတ်တဲ့ပုဂ္ဂိုလ်ပါဘုရား)။

ဒါဖြင့် ကိုယ့်ဝတ် ကိုယ်ကျွတ်ချင်ကြရင်ဖြင့် အလုပ်နဲ့ပြုတ်အောင်လုပ်ပါ...။(မှန်ပါ့)၊ ကိုယ့်ဝဋ်ကိုယ် ကျွတ်ချင်ကြရင်...(အလုပ်နဲ့ပြုတ်ရပါမယ်)၊ အလုပ်နဲ့ ပြုတ်အောင်လုပ်ရမယ်ဆိုကတည်းက ဦးလှဘူး တွေး တော့ ဆုတောင်းနေတဲ့ ပုဂ္ဂိုလ်အတွက် မပါဘူး...။ (မပါ–ပါဘုရား)။

အလကားနေတဲ့ပုဂ္ဂိုလ်အတွက်လဲ...(မပါ–ပါ)၊ သားရေး၊ သမီးရေး၊ စီးပွားရေး ဂရုစိုက်နေတဲ့ ပုဂ္ဂိုလ် အတွက်လဲ...(မပါ–ပါ)၊ မပါဘူး...တဲ့၊ ဒီခန္ဓာပဋိစ္စ သမုပ္ပာဒ်ကို ဖြစ်တာလဲ သိရမယ်...၊ ပျက်တာလဲ... (သိရမှာပါဘုရား)။

ဖြစ်တာသိလို့ရှိရင် ဒိဋ္ဌိနှစ်မျိုးပြုတ်ပါတယ်၊

သက္ကာယနဲ့ ဥစ္ဆေဒပြုတ်ပါတယ်...။ (မှန်ပါ)၊ ပျက်တာ သိရင်...(သဿတဒိဋ္ဌိပြုတ်ပါတယ်)၊ ဒါ သေသေ ချာချာ မှတ်ပါ...။ (မှန်လှပါဘုရား)။

ဒီတစ်လုံး ဒီတရားတစ်ပွဲလုံးမှာ အသေအချာ ဟောပြီးသကာလ လာခဲ့တာ၊ အလယ်ပိုင်းမှာ ဘာ ဖြစ်နေတယ်ဆိုတာသိဖို့...(မှန်ပါ)၊ အရေးတကြီး ဒသမတရားချီးပြီးသကာလ ပြောလာခဲ့တာ ဒကာ ဒကာမတို့ ဒီတရားမှာ၊ ဒီတစ်နေ့လုံးမှာ ဒီသုံးခုပြုတ် ရင် ဘုန်းကြီးက ကြိုက်တယ်...။ (မှန်လှပါဘုရား)။

ဖြစ်ပေါ်တာသိရင်...(သက္ကာယနဲ့ဥစ္ဆေဒဒိဋ္ဌိစင်ပါ တယ်)၊ သက္ကာယနဲ့... (ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ်)၊ ပျက်တာလေး သိလိုက်ရင်...(သဿတဒိဋ္ဌိစင်ပါတယ်)၊ ဒါ–တစ်ပွဲလုံး မှတ်ရမှာနော်...။ (မှန်ပါဘုရား)။

ခန္ဓာဓမ္မလေးတစ်ခု ပဋိစ္စသမုပ္ပာဒ်ကိုယ်ထဲ ဘာ လေး ပေါ်လာလာ ဩော်...ပေါ်လာပြီလို့သိရင် ဘာ ပြုတ်တုံး...။ (သက္ကာယနဲ့ ဥစ္ဆေဒဒိဋ္ဌိပါ)၊ သက္ကာယနဲ့ ဥစ္ဆေဒဒိဋ္ဌိပြုတ်တယ်၊ ပေါ်လာတဲ့ ဓမ္မဟာ ပေါ်လာတဲ့ ဓမ္မပဲ ဆိုကတည်းက သက္ကာယဒိဋ္ဌိမပြုတ်ဘူးလား...။ (ပြုတ်ပါတယ်ဘုရား)။

အကြောင်းကင်းပြီး သူ ပေါ်လာတာ မဟုတ်ဘူးလို့ မသိရဘူးလား...။ (သိရပါတယ်)၊ ထိုကဲ့သို့ သိကတည်းက ဘာပြုတ်သွားတုံး...။ (ဥစ္ဆေဒဒိဋ္ဌိပါဘုရား)။

အို...အင်မတန်သေပျော်ပြီ ခင်ဗျားတို့...။ (မှန်ပါ)၊ ဂုဏ်းဓမ္မလေးသည် ဒကာ ဒကာမတို့ ဖျတ်ဆို့ ဉာဏ်အောက်တွင် ပျက်စီးသွားပြီ...၊ ဘာပြုတ်ပြန်တုံး...။ (သဿတဒိဋ္ဌိပြုတ်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဘုန်းကြီးက သင်ထားတယ်၊ ဖြစ်တတ်ပျက်တတ်တဲ့အတွက် ဖြစ်ပျက်ရှုပါ...။ (မှန်ပါ)၊ မသင်ထားလား ဒကာ ဒကာမတို့...။ (သင်ထားပါတယ်)၊ ဘာသင်ထားတုံး...။ (ဖြစ်ပျက်ရှုရပါမယ်)၊ ဖြစ်ပျက် ရှုပါလို့ သင်ထားတယ်...။ (မှန်လှပါဘုရား)။

ဖြစ်ပျက်မပါတဲ့ တရားဟူသရွေ့ ဘယ်တော့မှ ဒိဋ္ဌိမကွာဘူး...။ (မှန်ပါ)၊ ကွာသေးရဲ့လား...။ (မကွာပါ)၊ အခု သေသေချာချာရှင်းပြတော့မှ အဖြစ်မြင်ရင် ဒိဋ္ဌိနှစ်မျိုးပြုတ်တယ်...။ (မှန်ပါ)၊ အပျက်မြင်ရင် ဒိဋ္ဌိတစ်မျိုးပြုတ်တယ်...။ (မှန်ပါဘုရား)။

အဖြစ်မြင်ရင်...(ဒိဋ္ဌိနှစ်မျိုးပြုတ်ပါတယ်)၊ အပျက်

မြင်ရင်…(ဒိဋ္ဌိတစ်မျိုးပြုတ်ပါတယ်)၊ ဒါဖြင့် ဖြစ်ပျက်မှ မရှုဘဲနဲ့ ဒိဋ္ဌိချုပ်တဲ့နိဗ္ဗာန် ရောက်ပါ့မလား…။ (ဖြစ်ပျက် မရှုရင် မရောက်ပါဘုရား)။

ဩော်…ဒါဖြင့် အလုပ်စခန်းမှာဖြင့် အရေးအကြီးဆုံး အချက်ပါပဲဆိုတာ ဒကာကြွယ် မှတ်ရလိမ့်မယ်…။ (မှန်ပါ့)၊ အလုပ်စခန်းမှာ…(အရေးအကြီးဆုံးအချက်ပါ)၊ အဲဒီဖြစ်ပျက်ကိုလဲ ဒကာ ဒကာမတို့ ဒီဖြစ်ပျက်ကို ဘယ်သူက ပြောပါလိမ့်မလဲလို့ မေးတော့ ခင်ဗျားတို့ ယခုအခါမှာ ဒွါရခြောက်ပေါက် မင်းမူနေတဲ့ သက္ကာယဒိဋ္ဌိလို့ ဘုန်းကြီး အစောကြီးက ပြောခဲ့တယ်…။ (မှန်လှပါဘုရား)။

ဒွါရခြောက်ပေါက်မှာ ယခုကဲ့သို့ ဖြစ်တာ ပျက်တာ မမြင်ရင် ဒိဋ္ဌိသုံးမျိုး မင်းမူနေတယ်…။ (မှန်ပါ့)၊ ပေါ်ကြပြီလား…။ (မှန်ပါ့)၊ အင်း…ပဝတ္တိအခါမှာ ပဝတ္တိအခါဆိုတဲ့ ယခု ရောင်းရင်း၊ ဝယ်ရင်း သားနဲ့ သမီးနဲ့ ဆွေနဲ့ မျိုးနဲ့ ချစ်ရင်း ခင်ရင်းပေါ့ဗျာ…။ (မှန်ပါ့ဘုရား)။

အဲဒီအချိန်မှာ ဖြစ်ပေါ်တဲ့ ဓမ္မတွေ စိတ်တွေ ဟူသရွေ့ အပေါ်မှာ၊ ကိုင်း…ဒကာကြွယ်တို့၊ ဦးမာဒင်

တို့ ဘယ်သူ မင်းမူနေတုံး...။ (သက္ကာယဒိဋ္ဌိ မင်းမူ နေပါတယ်)၊ မကာပါဘူး၊ သဿတလဲ မင်းမူနေ တယ်...၊ ဥစ္ဆေဒရော...(မင်းမူနေပါတယ်ဘုရား)။

ကိုင်း...ဒါဖြင့် ဒကာ ဒကာမတို့ ဒိဋ္ဌိသုံးမျိုး မင်းမူနေတယ်...၊ ရှင်းပြီလား...။ (မှန်ပါ့ဘုရား)၊ ဒါ ဖြင့် ဝိပဿနာအလုပ် မလုပ်တဲ့ ပုဂ္ဂိုလ်များမှာ အင်း... ဘယ်သူ့လက်အောက်ခံဖြစ်နေတုံး...။ (ဒိဋ္ဌိသုံးမျိုး လက်အောက်ခံပါဘုရား)။

ဒိဋ္ဌိသုံးမျိုး၏ လက်အောက်ခံဖြစ်နေတော့ တကယ့် အပါယ်ငရဲကို အမြဲတမ်း ဒီဂရီချပေးနေတဲ့ တရားသူကြီးလက်အောက်မှာ သူ ရောက်နေတယ်...။ (မှန်ပါ့ဘုရား)။

ဘယ်လောက်ဆိုးတတ်ဆိုတာ ပေါ်ကြလား...။ (မှန်ပါ့)၊ အဲဒါကြောင့် ခင်ဗျား ချီးမြှောက်ပြောတယ် မယူပါနဲ့၊ တော်သေးတယ်၊ တော်သေးတယ်၊ အတော် ကံကောင်းတယ်၊ အတော်ပါရမီရှိတယ်ဆိုတာ ဘုန်း ကြီးများက ချီးမြှောက်တာလားတဲ့၊ ဖြစ်စဉ်တိုင်း ပြောတာလား...။ (ဖြစ်စဉ်တိုင်းပြောတာပါဘုရား)။

ကဲ...ဒါဖြင့် ဒကာ ဒကာမတို့ ဒွါရခြောက်ပေါက် မှာ လာသရွေ့ ဓမ္မတွေကို ခင်ဗျားတို့ ဖြစ်ပျက်ရှုရလိမ့်

မယ်…။ (မှန်ပါ့)၊ ဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ ဒကာ ဒကာမတွေသိတဲ့အတိုင်း အဖြစ် ဖြစ်တယ် ဆို ပျက်တာပဲ…။ (မှန်လှပါဘုရား)။

ဩော်…ဖြစ်ပြီ၊ ဩော်…ပျက်ပြီဆိုတာလေး ဒကာ ဒကာမတွေက ပေါ်တဲ့စိတ်၊ ပေါ်တဲ့ဝေဒနာ၊ ပေါ်တဲ့ရုပ်၊ ကြိုက်တာရှု…။ (မှန်ပါ့)၊ မင်္ဂနဲ့လဲ ဖြစ်ပျက်ကို နောက်က ရှု–ရှုပေးပါ။

ဒကာ ဒကာမတို့ ပေါ်တဲ့ ဓမ္မလေးကို ဖြစ်ပျက်တာ ရှုပေးပါ…။ (မှန်ပါ့)၊ ရှုပေးလိုက်လို့ရှိရင်ဖြင့် ဘာလုပ်နေတာတုံးလို့ သူများက မေးလိမ့်မယ်၊ ခင်ဗျားတို့ကလဲ ဝိပဿနာရှုနေတာလို့ ပြောလိမ့်မယ်…။ (မှန်ပါ့ဘုရား)။

ဒီလို မပြောပါနဲ့…တဲ့၊ ခင်ဗျားတို့စိတ်ထဲ ဆုံးဖြတ်ချက်ချထားဖို့ဟာ ဒိဋ္ဌိသတ်နေတာလို့ ပြောပါ…။ (မှန်ပါ့)၊ ဘယ်လိုပြောကြမယ်…။ (ဒိဋ္ဌိသတ်နေတာပါဘုရား)။

ဟ…ဒိဋ္ဌိသတ်တော့ ဘာကျေးဇူးရှိသတုံးလို့ မေးတော့…အို…ဒိဋ္ဌိသတ်မှ နိဗ္ဗာန်ရတယ်…၊ ရှင်းပြီလား…။ (မှန်ပါ့)၊ ဒိဋ္ဌိသတ်မှ…(နိဗ္ဗာန်ရမှာပါ)၊ အဲ…

ပထမနိဗ္ဗာန် လိုချင်ရင် ဘာလုပ်ရမလဲ...။ (ဒိဋ္ဌိ သတ်ရပါမယ်ဘုရား)။

ဒါဖြင့် ခန္ဓာကိုယ်ထဲမှာ ဝေဒနာပေါ်ရင်လဲ ဝေဒနာကြိုက်တယ်ဆို ဝေဒနာပေါ်တိုင်း ဘာလုပ်ရမလဲ...။ (ဖြစ်ပျက်ရှုရပါမယ်)၊ ဒိဋ္ဌိဘယ်နှမျိုးသတ်တုံး...။ (သုံးမျိုးသတ်ပါတယ်)၊ ရှင်းပြီလား...။ (မှန်ပါ့)၊ ဒိဋ္ဌိသုံးမျိုးသတ်လို့ရှိရင် ပထမနိဗ္ဗာန် ရထိုက်–မရထိုက်...(ရထိုက်ပါတယ်)၊ ရှင်းပြီနော်...။ (ရှင်းပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေသန္တာန်မှာ စိတ်တွေပေါ်နေပြန်လဲ ဒီစိတ် ဘာလုပ်ရမလဲ...။ (ဖြစ်ပျက်ရှုရပါမယ်)၊ မရှုလို့ရှိရင် ဘယ်သူ မင်းမူမယ်ထင်တုံး...။ (ဒိဋ္ဌိမင်းမူမှာပါဘုရား)။

ရှုလိုက်လို့ရှိရင် ဒိဋ္ဌိသုံးမျိုးပြတ်မယ်...။ (မှန်ပါ့)၊ ဒါဖြင့် နိဗ္ဗာန် ဝေးသလား...နီးသလား...။ (နီးပါတယ်)၊ ရှုတဲ့ ပုဂ္ဂိုလ်များ...(နီးပါတယ်)၊ မရှုတဲ့ပုဂ္ဂိုလ်မှာ...(ဝေးပါတယ်)၊ ဝေးပြီးတော့ သူက အပါယ်နဲ့ကတော့ နီးတာပဲ...။ (မှန်လှပါဘုရား)။

ကြောက်စရာ သိပ်မကောင်းဘူးလား...။

(ကောင်းပါတယ်)၊ ဒါကြောင့် ဒကာ ဒကာမတို့ ဒီနေ့ ဒီဌာသက်သက် ဖြတ်ပေးနေတယ်ဆိုတာ သဘောကျပလား...။ (မှန်ပါ့)၊ အဂ္ဂိဝစ္ဆဆက်ဖို့ပဲ၊ မဆက်နိုင်ဘူး၊ နာရီစေ့နေပြီ...။ (မှန်ပါ့ဘုရား)။

ကဲ...ယနေ့ ဒီတွင် တော်ကြစို့...။

သာဓု...သာဓု...သာဓု...။